**အစီရင်ခံစာ**

***လက်ကမ်းစာစောင်များအား***

***ဝါဒဖြန့်မှု၊ သတင်းအမှားဖြန့်မှု၊ ခြိမ်းခြောက်မှုနှင့် သွေးခွဲမှုတို့အတွက်***

***အသုံးပြုခြင်း***

## Myanmar Witness ၏ အစီရင်ခံစာ

## ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့

---

## အနှစ်ချုပ်


Myanmar Witness သည် ၂၀၂၁ ခုနှစ် ဧပြီလ ကတည်းက ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ် နှင့် ကချင်ပြည်နယ်စသည့် နေရာများအပါအဝင် မြန်မာနိုင်ငံအတွင်း စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နယ်မြေဒေသများနှင့်ဆက်လျဉ်းပြီး စစ်တပ်ထောက်ခံအားပေးသည့် ဝါဒဖြန့်ချိမှုများကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ယင်း လက်ကမ်းစာစောင်အသွင်ဖြန့်ဝေမှုများတွင် ဘာသာရေး နှင့် နိုင်ငံရေး သွေးခွဲမှုများပါဝင်ပြီး၊ မူဆလင်ဆန့်ကျင်ရေးအာဘော်များပါဝင်ကာ စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများအပြင်၊ အသက်အန္တရာယ်ခြိမ်းခြောက်မှုများလည်း ပါဝင်သည်။ ယင်းစာများတွင် 'စိစစ်ထားပြီး သတင်းမှန် (fact-checked)' စသည့် စာသားများရေးနှိပ်ထားသည့် အယူအဆလွဲမှားစေသောနှင့် အတည်ပြုထားခြင်းမရှိသော သတင်းအချက်အလက်များပါဝင်လေ့ရှိသည်။ ယင်းစာစောင်များဖြန့်ဝေမှုသည် အင်တာနက်ဖြတ်တောက်ထားစဉ်ကာလများတွင် ဖြစ်ပေါ်ခဲ့ပြီး ပစ်မှတ်ထားခံရသည့် အများပြည်သူလူထုအနေဖြင့် ယင်း သတင်းအချက်အလက်များအားစိစစ်နိုင်စွမ်းအပေါ် အကန့်အသတ်ရှိစေခဲ့သည်။ ယင်းစာစောင်များတွင် ဘုံတူညီစွာဖော်ပြလေ့ရှိသော အကြောင်းအရာရပ်များတွင်- အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် စစ်တပ်ကိုဆန့်ကျင်သည့်အုပ်စုများသည် မဲမသမာစွာ မဲခိုးသူများ၊ အကြမ်းဖက်သူများဖြစ်ကြောင်းနှင့် အများပြည်သူလူထုအပေါ် ဆိုးရွားပြင်းထန်သည့် အကြမ်းဖက်မှုများ ကျူးလွန်နေကြသူများဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများတွင် ပါဝင်ပတ်သက်နေကြောင်း- တို့ဖြစ်သည်။

တိုက်ခိုက်ခံရနိုင်ကြောင်း ခြိမ်းခြောက်မှုများ သို့မဟုတ် ဒီမိုကရေစီထောက်ခံသူ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်များအား အားပေးကူညီနေသူများဖြစ်စေ၊ အသံတိတ်သပိတ်စသည့် စစ်တပ်ကို ဆန့်ကျင်သော လှုပ်ရှားမှုများတွင်ပါဝင်ပတ်သက်နေသူများအားဖြစ်စေ ဥပဒေအရ အရေးယူခံရမည် ဖြစ်ကြောင်း ခြိမ်းခြောက်မှုများစသည်တို့အပါအဝင်- ယင်းလက်ကလမ်းစာစောင်များတွင် ပါဝင်သည့် အများပြည်သူထံ 'သတိပေးမှုများ' အချို့ကို ဤ သုတေသနမှ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ဤအစီရင်ခံစာ ရေးသားချိန်တွင် - ယင်းသို့သော သတိပေးမှုတစ်ခုဖြစ်ပွားခဲ့သည့် တည်နေရာတစ်ခုအကြောင်း Myanmar Witness က သိရှိထားပြီး၊ စစ်တပ်မှတိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲချက်များနှင့် ကိုက်ညီမှုရှိသည့် ကျေးရွာတစ်ခုရှိပျက်စီးဆုံးရှုံးမှုများကို ရိုက်ကူးပြသထားသည့် ရုပ်သံဖိုင်ကို Myanmar Witness က အတည်ပြုနိုင်ခဲ့သည်။ ယင်း တိုက်ခိုက်မှုများသည် အဆိုပါကျေးရွာအတွင်း ယင်းသို့ သတိပေးမှုများပေါ်ပေါက်ခဲ့ပြီး တစ်လအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းတိုက်ခိုက်မှုသည် အဆိုပါ လက်ကမ်းစာစောင်များနှင့် ဆက်စပ်မှုရှိ/မရှိကို Myanmar Witness မှ အတည်မပြုနိုင်ပါ။

ယင်းသို့သော လက်ကမ်းစာစောင်များ၏ လက္ခဏာရပ်များ၊ ပုံပန်းသွင်ပြင်သဏ္ဍာန်၊ လားရာအကြောင်းအရာ၊ ရုပ်ပုံ နှင့် ဖြန့်ဝေသည့်ပုံစံ တို့ကို Myanmar Witness မှ မှတ်တမ်းတင်ပြီး၊ စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းစာစောင်များ၏ အရင်းအမြစ်များကိုမူ Myanmar Witness မှ အတည်ပြုနိုင်ခြင်းမရှိသော်လည်း ဤစုံစမ်းစစ်ဆေးမှုအရ ယင်းစာစောင်အမြောက်အများတို့သည် တူညီသော၊ စစ်တပ်ထောက်ခံအားပေးသည့် အရင်းအမြစ်တစ်ခုမှ အရင်းခံ၍ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ပြသနေသည်။ လူထုအား ခြိမ်းခြောက်ရန်၊ ဖိနှိပ်ရန်နှင့် သွေးခွဲရန်အတွက် အင်တာနက်များဖြတ်တောက်ချိန်နှင့် တစ်ပြိုင်နက်တည်း ယင်းသို့သောလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဖြစ်စဉ်အကြောင်းအရာအသွားအလာကို ထိန်းချုပ်ကိုင်တွယ်လိုသည့် ပုံစံကို ဤ စုံစမ်းစစ်ဆေးချက်က ဖော်ထုတ်ပြသနေသည်။

## မိတ်ဆက်နှင့် အကြောင်းအရာ

မြန်မာနိုင်ငံတစ်ဝှမ်း လေထုမှတစ်ဆင့် လက်ကမ်းစာစောင်များ ဖြန့်ကျဲမှုအကြောင်း ပြောကြားမှုများကို ၂၀၂၁ ခုနှစ် ဧပြီလ ကတည်းက Myanmar Witness. က မှတ်တမ်းတင်ထားခဲ့သည်။ ဤ အစီရင်ခံစာတွင် ယင်းစာစောင်များအတွင်းပါဝင်သည့် - ဘုံတူညီသော အကြောင်းအရာများ၊ သတင်းအချက်အလက် အမှားများဖြန့်ဝေခြင်း၊ ခြိမ်းခြောက်မှုကို အသုံးပြုခြင်းနှင့် လူထုအတွင်း သွေးခွဲရန်ကြိုးပမ်းမှုများ- ကို ရှာဖွေဖော်ထုတ်ထားသည်။

ပထမဦးစွာ- စစ်တပ်၏နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အာဘော်ကို - ဥပမာ- ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ (GNLM) စသည့် နိုင်ငံပိုင် သတင်းမီဒီယာကွန်ယက်များမှ ရုပ်မြင်သံကြား၊ အွန်လိုင်း သတင်းမီဒီယာ၊ လူမှုကွန်ယက်သတင်းမီဒီယာနှင့် သတင်းစာများစသည့် ခေတ်မီသောပုံစံများမှတစ်ဆင့် ဖြန့်ဝေနေသည့်အခါမျိုးတွင် ယင်းသို့သော လက်ကမ်းစာစောင်အမျိုးအစားများသည် ခေတ်နှင့်မလျော်ညီသည့်ဟန်ရှိနိုင်သည်။ သို့သော်လည်း - ပစ်မှတ်ထားသည့် တည်နေရာများနှင့် ဝေဟင်ကိုအသုံးပြု၍ ဖြစ်စေ၊ ပြောင်အဝတ်အစားများဝတ်ဆင်ထားသည့်သူများမှ လက်ဖြင့်ကိုယ်တိုင်ဖြစ်စေဖြန့်ဝေသည့်ပုံစံစသည်တို့အပါအဝင် နောက်ခံအကြောင်းအရာကိုစဉ်းစားကြည့်ပါက ပို၍ ထင်သာမြင်သာရှိစေသည်။ လက်ကမ်းစာစောင်များအား အင်တာနက်နှင့် နေ့တဓူဝပြတ်တောက်နေသည့် လူထုများအား သတင်းအချက်အလက်ပိုမိုရောက်ရှိစေမည့်နည်းလမ်းအပြင် နိုင်ငံ၏ နေမြေဒေသတစ်ခုခုအတွင်းရှိ စစ်တပ်ဆန့်ကျင်သော လှုပ်ရှားမှု နှင့် ဆန့်ကျင်မှုအဆင့်များအား တုံ့ပြန်ချေမှုန်းရန်နည်းလမ်းအဖြစ်လည်း အသုံးပြုခြင်းဖြစ်နိုင်ကြောင်း ဤ သုတေသနအရ သိရသည်။

မြန်မာစစ်ကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းကတည်းက၊ အထူးသဖြင့် ၎င်းတို့အာဏာ သိမ်းကာစ ကာလက- နိုင်ငံတစ်ဝှမ်း အင်တာနက်များနှင့် မိုဘိုင်းဒေတာများကို အကြိမ်ကြိမ်ဖြတ်တောက်မှုများပြုလုပ်ခဲ့ပြီး၊ Netblocks ၏ ၂၀၂၁ ခုနှစ် ဒေတာအချက်အလက်များအရလည်း ဆက်သွယ်ချိတ်ဆက်မှု ကန့်သတ်ချက်များ သိသာစွာရှိခဲ့ကြောင်း သက်သေပြနေသည်။ ၂၀၂၁ ခုနှစ် မတ်လ တစ်လျှောက်လုံး မြန်မာနိုင်ငံတွင် အင်တာနက်ကို ဒေသစံတော်ချိန် ၀၁၀၀ နာရီမှ ၀၆၃၀ နာရီအထိ ဖြတ်တောက်ထားခဲ့သည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင်လည်း ဖုန်းခေါ်ဆိုနိုင်သည့် ဆယ်လူလာ ကွန်ယက်ကို ၀၀၀၀ နာရီမှစတင်ဖြတ်တောက်ခဲ့ပြီး၊ မြန်မာနိုင်ငံအတွင်း မိုဘိုင်းဒေတာချိတ်ဆက်နိုင်မှုကို Netblocks မှ မပြပဲ ရုပ်တန့် ခဲ့သည့် ၂၀၂၁ ခုနှစ် မေလ ၁၁ ရက်နေ့အထိ အနည်းဆုံး ရက် ၁၀၀ ကျော်အထိ ဆက်လက်ဖြတ်တောက်ထားခဲ့သည်။ အင်တာနက်ဖြတ်တောက်ထားစဉ်အတွင်း လူထုအနေဖြင့် အခြားသတင်းအရင်းအမြစ်များအား ရယူလက်လှမ်းမှီနိုင်မှုမရှိပဲ၊ သတင်းအချက်အလက်များကို စိစစ်နိုင်မှုမရှိသည့်အချိန်တွင် ယင်း လက်ကမ်းစာစောင်ဖြန့်ဝေမှုများကိုကြည့်ခြင်းအားဖြင့် လူထုအား သတင်းအချက်အလက်နှင့် ဝါဒဖြန့်ချိ ခြင်းမှတစ်ဆင့် သတင်းမီဒီယာဖော်ပြမှုကို ထိန်းချုပ်လိုသည့် ဆန္ဒရှိကြောင်းပြသနေသည်။ သို့ဖြစ်ရာ ယင်းလက်ကမ်းစာစောင်များသည် သတင်းအချက်အလက်များနှင့် ဝါဒများဖြန့်ချိရန်အတွက် သမားရိုးကျနည်းလမ်းများအဖြစ် ပံ့ပိုးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အချို့သောဖြစ်စဉ်များတွင် ယင်းဝါဒဖြန့်ချိရေးစာစောင်များကို မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသများသို့ပစ်မှတ်ထား ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရပြီး၊ ယင်းဒေသများသည် စစ်တပ်ကို ဆန့်ကျင်

တော်လှန်နေသည့် သိသာသင်ထားသောနယ်မြေများဖြစ်ကာ ဝေးလံခေါင်ပါးပြီး တောတောင်ထူထပ်သည့် ပထဝီနေရာဒေသဖြစ်သဖြင့် လူသူအရောက်အပေါက်နည်းပြီး သွားလာရခက်ခဲသည့် နေရာများလည်းဖြစ်သည်။ ဥပမာ- ချင်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်း အရှေ့မြောက်ပိုင်းနေရာဒေသများသည်- ကာလရှည်ကြာစွာတည်ရှိလာခဲ့ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများမှ တိုးများလာသော PDF အဖွဲ့ဝင်များအား စစ်သင်တန်းပေးခြင်း၊ လက်နက်နှင့် စစ်ဆင်ရေး စသည့် ပံ့ပိုးမှုများ ပို၍ပေးအပ်လာနေသည့် နယ်မြေဒေသများဖြစ်သည်။ Myanmar Now ၏ အစီရင်ခံချက်တစ်ခုအရ စက်တင်ဘာလမှ နောက်ပိုင်းအင်တာနက်ဖြတ်တောက်မှုများသည် ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ပဋိပက္ခများ ပိုမိုပြင်းထန်လာမှုများနှင့် ဆက်စပ်နေကြောင်းဆိုသည်။ အောက်တိုဘာလအစောပိုင်းတွင် စစ်ကောင်စီ (SAC) က ချင်းပြည်နယ်ကို ပစ်မှတ်ထားသည့် တိုက်စစ်အသွင် "အနော်ရထာစစ်ဆင်ရေး" ကိုစတင်လုပ်ဆောင်ခဲ့ပြီး၊ စစ်ကိုင်းတိုင်းတွင်မူ "အလောင်းမင်းတရားစစ်ဆင်ရေး" အမည်ဖြင့် သီးခြားထိုးစစ် စစ်ဆင်ရေးတစ်ခုကို စတင်လုပ်ဆောင်ခဲ့သည်။ အောက်တိုဘာလ တစ်လျှောက်နှင့် နိုဝင်ဘာလအထိ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း (Asia Times, ၂၀၂၁ ခုနှစ်) သိရပြီး ၎င်းအနက် အချို့တို့ကိုလည်း Myanmar Witness မှ မှတ်တမ်းတင်နိုင်ခဲ့သည်။



ပုံ ၁ : ၂၀၂၁ ခုနှစ် နိုဝင်ဘာလအပြီးတွင် ယင်းသို့သော လက်ကမ်းစာစောင်များပေါ်ထွက်လာခဲ့သည့် ချင်းပြည်နယ်၊ မကွေးတိုင်း နှင့် စစ်ကိုင်းတိုင်း ပထဝီနေရာဒေသများအား ပြသနေသည့် ဂြိုဟ်တု ဓါတ်ပုံ

မြောက်ပိုင်းဒေသတစ်လျှောက် လက်ကမ်းစာစောင်များ ဖြန့်ဝေရန်အတွက် လေယာဉ်များကိုအသုံးပြုခဲ့ကြောင်း ဒေသခံများကဆိုပြီး၊ ယင်းပဋိပက္ခဒေသများအတွင်း ယင်းသို့အသုံးပြု၍ဖြန့်ဝေခြင်းမှာ ဒေသခံ PDF ကာကွယ်ရေးတပ်ဖွဲ့ဝင်များ မိုင်းထောင်၍တိုက်ခိုက်မည်ကို ကြောက်ရွံ့သဖြင့်ဖြစ်နိုင်သည် ဟု ၎င်းတို့က သုံးသပ်ကြသည်။ လေယာဉ်များသည် ရောက်ရှိရန်ခက်ခဲသည့်နေရာများအား ရောက်ရှိနိုင်ရန်နှင့် မြေပြင်တွင် ထိပ်တိုက်တွေ့ခံရခြင်းမှ ကာကွယ်ရန်အတွက်အပြင် ယင်းသတင်းအချက်အလက်များအား ဖြန့်ဝေမှုအတွက် တာဝန်ရှိသူများမှ ပုန်းကွယ်ရန်အတွက်လည်း အထောက်အကူဖြစ်စေခဲ့သည်။

ယင်းလက်ကမ်းစာစောင်များအတွင်းပါဝင်သည့် ရေးသားဖော်ပြချက်များကို လေ့လာဆန်းစစ်ရာတွင်-မှားယွင်းသော ကိန်းဂဏန်းအချက်အလက်များနှင့်၊ မူဆလင် နိုင်ငံသားများ သို့မဟုတ် ဒေသခံကာကွယ်ရေး အုပ်စုများအကြောင်း သက်သေအထောက်အထားမရှိသည့် အဆိုများ တုပရေးသားခြင်းတို့မှ တစ်ဆင့် ဘာသာရေးဘက်ကွဲမှုများအပါအဝင် အသင်းအဖွဲ့အုပ်စုများအကြား သွေးကွဲမှုများဖြစ်ပေါ်စေရန် ရေးသားဖော်ပြထားကြောင်းတွေ့ရသည်။ ထို့အပြင် ယင်းလက်ကမ်းစာစောင်များတွင်ပါဝင်သော သတင်းမှားနှင့် အထောက်အထားမရှိသည့် သတင်းတုအမျိုးအစားများသည် မြောက်ပိုင်းဒေသတွင် စစ်တပ်လှုပ်ရှားမှုများအား ခုခံတော်လှန်သူများအား ပစ်မှတ်ထားဦးတည်နေဟန်ရှိသည်။ ယင်း လက်ကမ်းစာစောင်များသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) စသည့်နိုင်ငံရေးအဖွဲ့များအကြောင်း တိုက်ရိုက် ရေးသားဖော်ညွှန်းမှုများ ပါဝင်ပြီး ၎င်းတို့အား အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်မှုတို့နှင့် ပတ်သက်နေကြောင်း ဖော်ပြထားသဖြင့် စစ်ကောင်စီအနေဖြင့် ပြည်နယ်အတွင်း ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ပွဲများ နောက်ဆုံး အမှန်တကယ်ပြုလုပ်ပေးရန်ရည်ရွယ်ပါက အဆိုပါ နိုင်ငံရေးအဖွဲ့များအား ရှုတ်ချပယ်ဖျက်ရန် ယင်းလက်ကမ်းစာစောင်များက အထောက်အကူပြုနိုင်နေသည်။ ရေးသားထားသည့် စကားအသုံးအနှုန်းနှင့် ရုပ်ပုံများအရ ဒေသခံကာကွယ်ရေး တပ်ဖွဲ့ (PDF) များသည် အများပြည်သူအပေါ် ရက်စက်ကြမ်းကြုတ်စွာပြုမူကျူးလွန်မှုများနှင့် ပတ်သက်နေကြောင်း ဆိုသည်။ ယင်းသို့ရေးသားဖော်ပြချက်သည် ဒေသခံပြည်သူများအနေဖြင့် PDF များအား မထောက်ပံ့အောင် အားပေးရန်အသုံးပြုနိုင်ပြီး၊ စစ်တပ်ထောက်ခံမှုပိုးတိုးလာအောင် ကြိုးပမ်းခြင်းဖြစ်ကြောင်း ဖော်ပြနေသည်။

သတိပေးချက်များ သို့မဟုတ် နားလည်သိသာလွယ်သည့် ခြိမ်းခြောက်စာများ စသည်တို့ ပါဝင်သည့်၊ အများပြည်သူထံ၊ အထူးသဖြင့် စစ်ကောင်စီအားဆန့်ကျင်သည့်လှုပ်ရှားမှုတွင် တိုက်ရိုက်ဖြစ်စေ သို့မဟုတ်

စစ်ကောင်စီအားဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများအား အကူအညီနှင့် နားခိုရာနေရာများ ပေးခြင်းအားဖြင့် သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်နေသူများအား ပစ်မှတ်ထား ဖြန့်ဝေသည့် လက်ကမ်းစာစောင်များကိုလည်း Myanmar Witness က ထောက်လှမ်းနိုင်ခဲ့သည်။ ၎င်းသည် ယင်းလက်ကမ်းစာစောင်များအနေဖြင့် မြန်မာနိုင်ငံအတွင်းနေထိုင်သူ မိတ်ဆွေများ နှင့် မိသားစုများစသည့် အုပ်စုအဖွဲ့များအကြား တင်းမာမှုများ တိုးများလာစေရန် ရည်ရွယ်ကြောင်း ပို၍ ဖော်ပြနေသည်။ ယင်းစာစောင်များသည် စစ်ကောင်စီအားဆန့်ကျင်သည့် မိသားစုဝင်များအား ၎င်းတို့၏ မြန်မာ မိဘများ နှင့် သူငယ်ချင်းများမှ အမွေပြတ်စွန့်လွှတ်မှုများ ပို၍များပြားလာသည့်အချိန်တွင် အချိန်ကိုက် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယင်း စွန့်လွှတ်မှုများတွင်- နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် အများပြည်သူသိရှိအောင် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်များထည့်သွင်းခြင်းတို့ပါဝင်သည် (South China Morning Post, 2022)။ ယင်းသို့ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုအပေါ် ခြိမ်းခြောက်မှုများသည် မြန်မာနိုင်ငံအတွင်း ဆန္ဒပြမှုများနှင့် အခြား ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားမှုများတွင် လူအများပါဝင်မပတ်သက်အောင် ရှုတ်ချနေနိုင်ခြင်းဖြစ်သည်။


နိုင်ငံတစ်ဝှမ်း အသံတိတ်သပိတ်တွင် ပါဝင်ခြင်း[1]၊ PDF အဖွဲ့ဝင်များအား နေထိုင်ရန်နေရာပေးခြင်း နှင့် နိုင် ငံရေးအတိုက်အခံ လှုပ်ရှားမှုများ သို့မဟုတ် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအား ကူညီပံ့ပိုးပေးခြင်းစသည့် - အာဏာသိမ်းမှုအားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်နေသူများအား တရားဥပဒေ ဆိုင်ရာအရေးယူမှုနှင့် စစ်တပ်ဘက်မှ တုံ့ပြန်အရေးယူမှုများ ပြုလုပ်မည့်အကြောင်း ပေါ်ပေါ်ထင်ထင်ခြိမ်းခြောက်မှုများပါဝင်သည့် ဆိုင်းဘုတ်များနှင့် စာစောင်များကိုလည်း ၂၀၂၂ ခုနှစ် အစပိုင်းကတည်းမှစ၍ Myanmar Witness က ရယူစုဆောင်းနိုင်ခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံအတွင်း ဖြစ်စဉ် အသွားအလာကို စစ်တပ်က ထိန်းချုပ်ရန်အတွက် တို့မီးရှို့မီးသက်သက်ထက် ခြိမ်းခြောက်မှုပို၍ ပါဝင်နေသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း ယင်းအချက်က ဖော်ပြနေသည်။ သို့သော်လည်း ယင်းလက်ကမ်းစာစောင်များပါဓါတ်ပုံများ၏ တည်နေရာ၊ စာစောင်များအားဖြန့်ဝေသည့်ပုံစံ သို့မဟုတ် မည်သူက ယင်း

[1] "အသံတိတ် သပိတ်" ကို မြန်မာပြည်ရှိ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများမှ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ယင်းအသံတိတ်သပိတ် ကာလအတွင်း ဈေးဆိုင်နှင့်စီးပွားရေးလုပ်ငန်းများသည် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုအား ဆန့်ကျင်ကြောင်း ပြသသည့်အနေဖြင့် အချိန် ၁၀၀၀ နာရီ နှင့် ၁၆၀၀ နာရီအကြား ပိတ်သိမ်းကြပြီး လမ်းပေါ်တွင်လည်း များသောအားဖြင့် လူအများမထွက်ကြပါ။ ယင်းသို့ နိုင်ငံတစ်ဝှမ်း သပိတ်များကို ၂၀၂၁ ခုနှစ် မတ်လတွင်တွေ့ရှိရပြီး၊ ယင်း နှစ်ပိုင်းအတွင်းတစ်လျှောက်လုံး အချို့သော အချိန်များတွင်လည်း တွေ့ရှိရကာ၊ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှု တစ်နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်လည်း ထပ်မံတွေ့ရှိခဲ့ရသည်။

စာစောင်များအား ဖန်တီးပြုလုပ်ခဲ့သည် နှင့်/သို့မဟုတ် ဖြန့်ဝေခဲ့သည် စသည်တို့အပါအဝင် ပါဝင်ပတ်သက်နေသည့် အဆိုအမြောက်အများတို့ကိုမူ Myanmar Witness က စိစစ်အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။

## နည်းနိဿယ

Myanmar Witness သည် ဒီဂျစ်တယ်ဆိုင်ရာ အထောက်အထားထိန်းသိမ်းစောင့်ရှောက်မှုနည်းနှင့်၊ အတိအကျဖြစ်သော၊ ပုံတူပွားနိုင်သော ခွဲခြမ်းစိတ်ဖြာသုံးသပ်နည်းစနစ်တို့ကို လိုက်လံလုပ်ဆောင်သည်။ ဒီဂျစ်တယ် သက်သေအထောက်အထားကို ရယူစုဆောင်းပြီး၊ စစ်မှန် မှန်ကန်မှုရှိကြောင်း သေချာစေရန် နှင့် အခြားသူမှဝင်ရောက်ရယူ ပြုပြင်နိုင်ခြင်းမရှိစေရန် လုံခြုံသည့် ဒေတာဘေ့စ်တွင် ကုဒ်မြေပုံစနစ် (hashing) ဖြင့် သိုလှောင်သိမ်းဆည်းထားသည်။




ရုပ်သံမှတ်တမ်းများ သို့မဟုတ် ဓါတ်ပုံများတွင် တွေ့ရသည့် သွင်ပြင်လက္ခဏာနှင့် ကိုက်ညီမှုရှိမရှိနှိုင်းယှဉ်တိုက်စစ်ရန်အတွက် Google Earth စသည့် အွန်လိုင်းမှတစ်ဆင့် အများပြည်သူမှလွတ်လပ်စွာ ရယူအသုံးပြုနိုင်သော (open source) နည်းကိရိယာများ၏ အမျိုးမျိုးသော ဖော်ပြချက်များကို အသုံးပြု၍ ပထဝီတည်နေရာစိစစ်သတ်မှတ်ခြင်း (Geolocation) ကို လုပ်ဆောင်သည်။ ရုပ်ပုံဖော်ပြချက်များ ကိုက်ညီစေရန်မှာ သက်သေပြနိုင်မှုအဆင့် မြင့်မားစွာလိုအပ်ပြီး၊ Myanmar Witness ၏ အစီရင်ခံ တင်ပြချက်များတွင် မထည့်သွင်းမီ အတည်ပြုစိစစ်ထားကြောင်းနှင့် အရည်အသွေးပြည့်မီကြောင်း သေချာစေရန်အတွက်မှာ အပြန်အလှန်တိုက်စစ် စစ်ဆေးရန် Geolocation ပြုလုပ်ထားပြီးဖြစ်ရန် နှင့် အခြားကျွမ်းကျင်သူများမှ ကြည့်ရှုသုံးသပ်ပေးထားပြီးဖြစ်ရန် လိုအပ်သည်။

အချိန်အပိုင်းအခြားခွဲခြားသတ်မှတ်ခြင်း (chronolocation) ကို စံအားဖြင့် - ဖြစ်နိုင်ချေရှိသော အချိန်ကာလအပိုင်းအခြား (Time frame) အတွက် ခိုင်လုံသော အကန့်အသတ်များကို သတ်မှတ်ရန် UCG အချိန်အတိအကျဖော်ပြမှု (timestamps) များအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း - အားဖြင့် လုပ်ဆောင်သည်။ ၎င်းကို - ဥပမာအားဖြင့် အဖြစ်အပျက်များ သို့မဟုတ် မြင်တွေ့နိုင်သော အချိန်နာရီ၊ ရာသီဥတုနှင့် အရိပ်များသည့် သိရှိနိုင်ပြီးဖြစ်သည့် လက္ခဏာအညွှန်း (indicators) များဖြင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် - နောက်ခံအကြောင်းအရာစိတ်ဖြာသုံးသပ်ချက် (contextual analysis) ဖြင့် တွဲ၍ လုပ်ဆောင်နိုင်သည်။ အရိပ်ရှုထောင့် (Shadow angle) ကို တည်နေရာစိစစ်သတ်မှတ်မှု (Geolocation) ပြုလုပ်ပြီးသည့်

နောက်တွင် သတ်မှတ်ပြီး၊ နေ၏တည်နေရာနှင့် တစ်နေ့တာ၏အချိန်တို့ကို စိစစ်သတ်မှတ်ရန်အတွက် ယင်း အရိပ်ရှုထောင့်၏ အနေအထား (orientation) ကို ထပ်ဆင့်အသုံးပြုသည်။ ယင်းသို့စိစစ်ခြင်းသည် အမြဲတမ်း တိကျမှုမရှိ သော်လည်း၊ ရှိနိုင်သည့် ပြဿနာများအား ထည့်သွင်းစဉ်းစားရန်အတွက် အချိန်ကို မှားယွင်းစွာ မဖော်ပြခြင်းအားဖြင့် အချိန်အပိုင်းအခြားခွဲခြားသတ်မှတ်ခြင်း (Chronolocation) ကို အတတ်နိုင်ဆုံးတိကျစွာ ထည့်သွင်းလုပ်ဆောင်သည်။

မျက်မြင်သက်သေ၏ ထွက်ဆိုချက် သို့မဟုတ် ပြင်ပအရင်းအမြစ်မှ အစီရင်ခံတင်ပြမှုပါဝင်လာခြင်း စသည့် အတည်ပြုထားခြင်းမရှိသည့် သတင်းအချက်အလက်များကို ကိုင်တွယ်ရသည့်အခါ - ယင်း သို့သော သတင်းအချက်အလက်မျိုးသည် အခြားသူ၏ ပြောကြားချက်အဆို (claims) များဖြစ်ပြီး၊ Myanmar Witness မှ လွတ်လပ်စွာ အတည်ပြုထားခြင်းမရှိကြောင်းနှင့်၊ ယင်းသို့ အတည်မပြုထား သော်လည်း အဆိုပါ ပြောကြားချက်အဆိုများသည် စုံစမ်းစစ်ဆေးနေသည့် အဖြစ်အပျက်၏ နောက်ခံ အကြောင်းအရာကို ဖော်ပြရန်အတွက် စီလျော်အပ်စပ်မှုရှိဆဲဖြစ်ကြောင်း Myanmar Witness မှ အသိပေးဖော်ပြထားသည်။ ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့်အညီ Myanmar Witness သည် ပါဝင်ပတ်သက်နေသည့် ပုဂ္ဂိုလ်များ၏ မည်သူမည်ဝါဖြစ်ကြောင်းသိရှိနိုင်မည့် သတင်းအချက်အလက်များအား ဖုံးကွယ်ပေးထားပြီး၊ ပုဂ္ဂိုလ်ရေးရာအချက်အလက်များနှင့် ဓါတ်ပုံများကို သင့်လျော်သလို ဆင်ဆာဖြတ်တောက်ပေးထားကာ၊ တစ်သီးပုဂ္ဂလများ၏ အချိတ်အဆက်လင့်ခ်များကိုလည်း ဖယ်ရှားပေးထားပြီး၊ ယင်းသတင်းအချက်အလက်များကို လုံခြုံစွာ ထားသိုသိမ်းဆည်းပေးထားသည်။ ကျွန်ုပ်တို့ Myanmar Witness သည် အစီရင်ခံတင်ပြချက်တွင်လည်း စိတ်မချမ်းမြေ့ဖွယ်ရာအနိဋ္ဌာရုံမြင်ကွင်းများကို သင့်လျော်သလို ဆင်ဆာတည်းဖြတ် ဖြတ်တောက်ပေးထားသည်။

ဤအစီရင်ခံစာတွင် အထူးသဖြင့် တိကျသည့် သတင်းမီဒီယာအစိတ်အပိုင်းတစ်ခု၏ အကန့်အသတ်ရှိသောသဘောသဘာဝအရ ၎င်းအစိတ်အပိုင်းတို့၏ Geolocation နှင့် Chronolocation ဆိုင်ရာ အချက်အလက်များ အနည်းအကျဉ်းမျှသာ ပါဝင်သည်။ သို့သော်လည်း လက်ကမ်းစာစောင်များအား ဖြန့်ဝေရခြင်း၏ နောက်ကွယ်တွင်ဖြစ်နိုင်သောအကြောင်းရင်းများ သို့မဟုတ် ပါဝင်ပတ်သက်နေသည့်ဖြန့်ဝေသူများအား ခွဲခြမ်းသုံးသပ်နိုင်ရန်အတွက် ယင်း လက်ကမ်းစာစောင်များနှင့် စာစောင်များအား ဖြန့်ကျဲခဲ့သည့် နေရာဒေသ အထောက်အထားများအား ရယူစုဆောင်းခြင်းတို့မှတစ်ဆင့် ယင်း စာစောင်များဖြန့်ကျဲခံခဲ့ရသည့် နေရာနှင့်အချိန်တို့ကို Myanmar Witness မှ ရှာဖွေတွေ့ရှိခဲ့သည်။

**[သတိ- စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံပါဝင်သည်]** ကို ထိခိုက်ဒဏ်ရာရသူများ သို့မဟုတ် သေဆုံးသူများ ၏ စိတ်မချမ်းမြေ့ဖွယ်ရာပုံများ ထည့်သွင်းပြသထားသည့် အရင်းအမြစ်များ၏ ရှေ့တွင် ထည့်သွင်းဖော်ပြပေးထားသည်။

## အကန့်အသတ်များ

Myanmar Witness မှ ရယူထားသည့် သတင်းအချက်အလက်များသည် လက်ရှိ ပဋိပက္ခဖြစ်ပွားဆဲနေရာ ဒေသမှအရင်းခံလာခြင်းဖြစ်ကာ၊ ၎င်းသတင်းအချက်အလက်များအား အများပြည်သူသိအောင် ထုတ်ပြန်တင်ပြရာတွင် ကျူးလွန်သူဘက်မှပြန်လည်လက်စားချေတုံ့ပြန်ခံရနိုင်မှုအပေါ် ကြောက်ရွံ့ရမှုများ၊ တရားဝင် အရင်းအမြစ် များထံမှ သတင်းအချက်အလက်များမရယူနိုင်ခြင်း သို့မဟုတ် မရှိခြင်း၊ အင်တာနက်မှသာရယူရခြင်း စသည်တို့အပါအဝင် အခြား ထည့်သွင်းစဉ်းစားရန်အချက်များကြောင့် အထောက်အထားများရွေးချယ်ရာတွင် ဘက်လိုက်မှုအနည်းအကျဉ်းရှိခဲ့သည်ဟု ယူဆနိုင်သည်။ Myanmar Witness ဘက်မှ ယင်းသို့ ဘက်လိုက်ရွေးချယ်မှုကိုလျှော့ချရန်နှင့် အရင်းအမြစ်အမျိုးမျိုးတို့မှ သတင်းအချက်များကို အတတ်နိုင်ဆုံး အများဆုံးဖြစ်အောင် ရယူစုဆောင်းရန်အတွက် - အများက ရယူနိုင်သော အရင်းအမြစ် (open source) များ တစ်လျှောက် ဘာသာစကားအမျိုးမျိုးဖြင့် ဖော်ပြထားမှုများအပြင်၊ လူမှုသတင်း မီဒီယာ များနှင့် စစ်ကောင်စီထောက်ခံအားပေးသူ နှင့် ဆန့်ကျင်သူ နှစ်ဘက်စလုံးတို့မှသတင်းများ စသည့် အမျိုး မျိုးသော အရင်းအမြစ်များမှ မီဒီယာဖော်ပြမှုများအား ရှာဖွေဖော်ထုတ်ခြင်းစသည့် - အကြောင်းအရာ တစ်ခုအပေါ်သီးခြားဗဟိုပြု၍ရှာဖွေခြင်း နှင့် အခြား ကျယ်ပြန့်သောအကြောင်းအရာကိုရှာဖွေခြင်း နှစ်မျိုးစလုံးကိုအသုံးပြုခြင်းအားဖြင့် ဘက်လိုက်၍ ဖော်ပြမှုကိုလည်း အတတ်နိုင်ဆုံး ကြိုးစားဖယ်ရှားခဲ့သည်။

ယင်းဝါဒဖြန့်ချိမှုစာများ ဖြန့်ကျဲခဲ့ကြောင်း စွပ်စွဲချက်များအမြောက်အများရှိခဲ့သော်လည်း သက်ဆိုင်ရာ သတင်းမီဒီယာအစိတ်အပိုင်းများမှာမူ ၎င်းတို့၏ အကန့်အသတ်ရှိသော သဘောသဘာဝအရလည်းကောင်း၊ ယခင် လက်ကမ်းစာစောင်များနှင့် တူညီသည့် ပုံစံ/အာဘော် ရှိနေသည့် စာစောင်များဖြစ်ကြောင်း ဓါတ်ပုံများအရတွေ့ရှိရခြင်းကြောင့်လည်းကောင်း ယင်းသတင်းမီဒီယာအစိတ်အပိုင်းများ၏ အချိန်နှင့် တည်နေရာတို့အားစိစစ်သတ်မှတ်နိုင်ခဲ့ခြင်းမရှိပါ။ ပထဝီနေရာဒေသစိစစ်သတ်မှတ်နိုင်ခဲ့သည့် ဓါတ်ပုံများမှာ- ယင်းစာစောင်များဖြန့်ဝေရာတွင် ပါဝင်ပတ်သက်ခဲ့သူများ၏ ဓါတ်ပုံများဖြစ်သော်လည်း ယင်း ပုဂ္ဂိုလ်များသည် အဆိုပါလက်ကမ်းစာစောင်များဖြန့်ဝေရာတွင် အမှန်တကယ်ပါဝင်ခဲ့သူများဖြစ်ကြောင်း Myanmar Witness က အတည်မပြုနိုင်ပဲ၊ ယင်းသို့အတည်မပြုနိုင်သော အချက်များအ

ကြောင်းကို ဤအစီရင်ခံစာဖတ်ရှုသူများမှ ရှင်းလင်းမှုရှိစေရန်အတွက် ယင်း လက်ကမ်းစာစောင်များ ဖြန့်ဖြူးခြင်းနှင့်ပတ်သက်သည့်ဓါတ်ပုံများအား အတည်ပြုထားခြင်းရှိ/မရှိကို Myanmar Witness က ထည့်သွင်းဖော်ပြထားသည်။

အများပြည်သူမှ လွတ်လပ်စွာရယူနိုင်သည့် အရင်းအမြစ်များထံမှ ရယူရမှုအကန့်အသတ်များနှင့် စိစစ် အတည်ပြုနိုင်မှုအကန့်အသတ်များကြောင့် ဤအစီရင်ခံစာသည် ဝါဒဖြန့်စာစောင်များနှင့်ပတ်သက်၍ စွပ်စွဲမှုအဆိုများ အားလုံးကို အမိအရ ခြုံငုံပြီး ဖော်ပြနိုင်မည်မဟုတ်ပါ။ ရလဒ်အနေဖြင့် ဤအစီရင်ခံစာ သည် ဖြစ်ကြောင်းကုန်စင်အားလုံးကို ဖော်ပြပေးနိုင်မည်မဟုတ်ပါ။


## စစ်ကောင်စီအားပေးထောက်ခံရေး ဝါဒဖြန့်ချိမှု လက်ကမ်းစာစောင်များ

မြန်မာနိုင်ငံတစ်ဝှမ်း စစ်ကောင်စီဆန့်ကျင်ရေးအင်အားစုများနှင့် စစ်ကောင်စီအကြား တိုက်ပွဲများ ကြီး ကြီးမားမားဖြစ်ပွားလာပြီးနောက် လက်ကမ်းစာစောင်ဓါတ်ပုံများကို လူမှုကွန်ယက်သတင်းမီဒီယာများ တွင် ၂၀၂၁ ခုနှစ် ဧပြီလခန့်မှစ၍ စတင်မြင်တွေ့လာရခြင်းဖြစ်သည်။ ဤ စုံစမ်းစစ်ဆေးမှုအရ လက်ကမ်း စာစောင်များအားအသုံးပြုခြင်းသည် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ပိုင်းတွင် ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ် မြောက်ပိုင်းအပါအဝင် မြို့ပြနေရာများသို့ အများအပြားဦးတည်ထားခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိတွင် စစ်ကိုင်း၊ မကွေး နှင့် ချင်း ပြည်နယ်တို့တွင် လေယာဉ်များဖြင့် လက်ကမ်းစာစောင်များဖြန့်ကျဲခဲ့သည်ဟူ၍ သတင်းမီဒီယာစာမျက်နှာများတွင် ပို့စ် ရေးသားပြောကြားမှုများကို ပို၍မြင်တွေ့လာခဲ့ရ၍သည်။


## အင်တာနက်ဖြတ်တောက်မှုများ

လက်ကမ်းစာစောင်များကို မြန်မာစစ်တပ်မှ အင်တာနက်မရအောင်ဖြတ်တောက်ထားသည့် နယ်မြေဒေ သများသို့ ပစ်မှတ်ထားဟန်တူသည်။ ယင်းတည်နေရာများသည် စစ်တပ်ဆန့်ကျင်သည့် ဆန္ဒပြမှုများ သို့ မဟုတ် PDF လှုပ်ရှားမှုများရှိသည့် နေရာများဖြစ်သည်။ [Netblocks](#) ၏ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် မတ် လအစောပိုင်းတွင် မြန်မာနိုင်ငံအတွင်း ဒေသစံတော်ချိန် ၀၁၀၀ နာရီမှ ၀၆၃၀ နာရီအထိ အင်တာနက် ဖြတ်တောက်ထားခဲ့သည် (ပုံ ၂)။ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဆယ်လူလာ ဖုန်းခေါ်ဆိုနိုင်မှုကို လည်း ၀၀၀၀ နာရီမှဖြတ်တောက်ထားခဲ့ပြီး ယင်းဖြတ်တောက်မှုသည် အနည်းဆုံး ရက်ပေါင်း ၁၀၀ အထိ ကြာမြင့်ခဲ့သည်။ လူမှုကွန်ယက်သတင်းမီဒီယာစာမျက်နှာများပေါ်တွင် ဝါဒဖြန့်ချိရေးစာစောင်များ အကြောင်း ဖော်ပြလာမှုကို Myanmar Witness မှ ရှာဖွေတွေ့ရှိခဲ့ချိန်ဖြစ်သည့် ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင်လည်း [Netblocks](#) ၏ ဖော်ပြချက်အရ စစ်တပ်မှ အင်တာနက်ချိတ်ဆက်မှု ဆက်တိုက် ဖြတ်

တောက်ထားသည့် ၆၂ ရက်မြောက်ကို ပြသနေသည် (ပုံ ၃)။ ယင်းလက်ကမ်းစာစောင်များ၏ နောက်ကွယ်တွင် စစ်တပ်ရှိနေခြင်းဖြစ်ပါက ယင်းသို့ အင်တာနက် တားမြစ်ကန့်သတ်ချက်များသည် စစ်တပ်အနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်စဥ်အသွားအလာအဖြစ်အပျက်အား ထိန်းချုပ်လိုကြောင်း ပြသနေသည့် သက်သေအထောက်အထားများပင်ဖြစ်သည်။




*ပုံ ၂ - မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကွန်ယက်ချိတ်ဆက်မှု ဖြတ်တောက်ထားပုံ။*





*ပုံ ၃ - ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဆယ်လူလာ ဖုန်းခေါ်ဆိုနိုင်မှုအား ဖြတ်တောက်ထားပုံ။*

# ၂၀၂၁ ခုနှစ် ဧပြီလ မှ ၂၀၂၁ ခုနှစ် ဇွန်လ

## ၂၀၂၁ ခုနှစ် ဧပြီလ

ထင်ယောင်ထင်မှားဖြစ်စေသည့်နှင့် အတည်ပြုထားခြင်းမရှိသည့် သတင်းအချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များကို စစ်တပ်မှ ဖြန့်ချိနေကြောင်း အွန်လိုင်းတွင်ပထမဆုံး ဖော်ပြလာမှုသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် ဖြစ်ကြောင်း Myanmar Witness မှ ရှာဖွေဖော်ထုတ်သိရှိရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဧပြီလ လလယ်ပိုင်းတွင်မူ စစ်တပ်သည် စစ်တပ်အားပေးထောက်ခံသည့် နှင့် စစ်တပ်ဆန့်ကျင်သည့်အုပ်စုများအား ရှုတ်ချသည့် အာဘော်များနှင့် သတင်းစကားများပါဝင်သည့် လက်ကမ်းစာစောင်များကို လိုက်ဝေခြင်း၊ ကားများပေါ်မှ ဖြန့်ကျဲခြင်းစသည်တို့ကို ပြုလုပ်နေကြောင်း လူမှုသတင်းမီဒီယာပေါ်တွင် အမြောက်အများစတင် ဖော်ပြလာကြသည်။ ရန်ကုန်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အား ‘မဲခိုးသူများ’ ဟုစွပ်စွဲထားပြီး၊ နိုင်ငံတော်တည်ငြိမ်ရေးအတွက် စစ်တပ်မှအာဏာသိမ်းရန်လိုအပ်ခဲ့ကြောင်းဖော်ပြထားသည့် လက်ကမ်းစာစောင်များကို ၂၀၂၁ ခုနှစ် ဧပြီလ။ ၁၅ ရက်နေ့တွင် ဖြန့်ဝေခဲ့ကြောင်း သိရသည် (ပုံ ၄)။ ထိုနေ့တွင်ပင် နောက်ထပ် လက်ကမ်းစာစောင်တစ်မျိုးကိုလည်းတွေ့ရှိရကြောင်း လူမှုကွန်ယက်များတွင်ဖော်ပြလာသည် (ပုံ ၅)။ အဆိုပါစာစောင်သည်လည်း စစ်တပ်ကိုထောက်ခံသည့်အကြောင်းဖြစ်သော်လည်း ၎င်းသည် Gen Z လူငယ်မျိုးဆက်ဆန္ဒပြအုပ်စုများ၏လက်ချက်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် အနည်းငယ်ကွဲလွဲသည်။ ဆန္ဒပြအုပ်စုများကမူ ယင်းစာစောင်များကို ၎င်းတို့ရေးသားဖြန့်ဝေခြင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီး၊ အဆိုပါ လက်ကမ်းစာစောင်များနှင့်၎င်းတို့၏ ကိုယ်ပိုင်လက်ကမ်းစာစောင်များအကြား ကွာခြားမှုအသေးစိတ်များကို ပြန်လည်ထောက်ပြလာခဲ့သည်။ ထို့အပြင် ယင်းလက်ကမ်းစာစောင်များကို စစ်တပ်မော်တော်ယာဉ်များပေါ်မှ ဖြန့်ကျဲခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသော်လည်း ၎င်းအချက်ကို Myanmar Witness မှ အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။







*ပုံ ၄ - NLD အား မဲသူခိုးများဟု ခေါ်ဝေါ်သည့် (အထက်ပါ) လက်ကမ်းစာစောင်များကို ဖြန့်ဝေနေစဉ်။*
*ပုံ ၅ - Gen Z မျိုးဆက် ဆန္ဒပြအုပ်စုထံမှ ဟုဆိုသည့် စစ်တပ်ထောက်ခံအားပေးသည့် (အထက်ပါ) လက်ကမ်းစာစောင်ကိုတွေ့ရစဉ်၊ စာတွင် 'လူထုအနေဖြင့် Gen Z ၏ ဦးဆောင်မှုကို ယုံကြည်ရန်လိုအပ်ပြီး အာဏာငတ်မွတ်နေသည့် NLD နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH တို့ကို မယုံသင့်ကြောင်း' ရေးသားထားသည်။*

၂၀၂၃ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် စစ်တပ်ထောက်ခံအားပေးသည့် ဝါဒဖြန့် လက်ကမ်းစာစောင်များအား နေပြည်တော်တွင် ဖြန့်ဝေနေကြောင်း လူမှုကွန်ယက်သတင်းမီဒီယာစာမျက်နှာများပေါ်တွင် ရေးသားဖော်ပြမှုများ စတင်ပေါ်ပေါက်လာခဲ့သည်။ လက်ကမ်းစာစောင်များတွင် ယင်းမတိုင်မီက လှိုင်သာယာဆန္ဒပြပွဲ ဖြိုခွင်းခံရမှုများ - အထူးသဖြင့် ဆန္ဒပြသူများမှ မီးရှို့ခဲ့ကြောင်း - အကြောင်းကို ထည့်သွင်းဖော်ပြထားသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ နေပြည်တော်၊ မြို့မဈေး တောင်ကျိုးလမ်း [၁၉.၇၄၈၉၃၆, ၉၆.၀၈၉၉၇၅] တွင် ဓါတ်ပုံ တစ်ခုကိုရိုက်ကူးထားခဲ့သည် (ပုံ ၇)။ ယင်းဓါတ်ပုံမှာ- NLD နှင့် CRPH တို့သည် နိုင်ငံခြားအကူအညီများဖြင့် နိုင်ငံတော်ကိုဖျက်ဆီးနေကြောင်းဆိုသည့် လက်ကမ်းစာစောင်များကို ရဲအရာရှိတစ်ဦးက ဖြန့်ဝေနေသည့်ပုံဖြစ်သည်။ ယင်းဓါတ်ပုံသည် ကြည်လင်ပြတ်သားမှုမရှိသော်လည်း ယင်းဖြန့်ဝေနေသူသည် ရဲအရာရှိတစ်ဦး၏ ယူနီဖောင်းနှင့်တူသည့်- ဦးထုပ်၊ ပုခုံးထက် ပစ္စည်း၊ ရှပ်အင်္ကျီအရောင်၊ ဘောင်းဘီအမည်း နှင့် နှာခေါင်းစည်းဟုယူဆရသည့်အရာ - တို့ကို ဝတ်ဆင်ထားဟန်တူသည် (ပုံ ၈)။ သို့သော်လည်း ပုံရိုက်ကူးထားသည့် ယင်းလူသည် လက်ကမ်းစာစောင်များကို ကားများထံသို့ လိုက်လံဖြန့်ဝေနေခြင်းမဟုတ်မဟုတ် အတည်မပြုနိုင်ပါ။



*ပုံ ၆ - အထက်ပါ လက်ကမ်းစာစောင်နှစ်ခုတို့တွင် NLD နှင့် CRPH တို့သည် တိုင်းပြည်ကိုဖျက်ဆီးနေကြောင်း စွပ်စွဲထားသည်။*






*ပုံ ၇ (အထက်ပါ) - တောင်ကျိုးလမ်းတွင် ကားတစ်ခုဘေး၌ ယူနီဖောင်းဝတ်ဆင်ထားသည့်လူတစ်ဦးအားတွေ့ရစဉ်။ ပုံ ၈ (ယာ) - အရာရှိတစ်ဦး၏ ယူနီဖောင်းပုံကို [ရိုက်တာ သတင်းဌာန] မှဖော်ပြထားသည်ကို တွေ့ရစဉ်။*


ယင်းဖြစ်စဉ်အပြီး နောက်တစ်ရက်အကြာ ၂၀၂၁ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင်မူ- ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့တွင် စစ်တပ်က အဆိုပါအလားတူ ဝါဒဖြန့်လက်ကမ်းစာစောင်များအား ဖြန့်ဝေရန်အတွက် ကားများကိုရပ်တားနေသည့်အကြောင်း ဖော်ပြလာသည် (ပုံ ၉)။ ယင်းစွပ်စွဲမှုနှင့် စပ်လျဉ်းသည့် ဓါတ်ပုံအား အတည်ပြုစိစစ်ရာတွင် ယင်းအဖြစ်အပျက်၏တည်နေရာသည် ပြည်မြို့ဖြစ်ကြောင်း ဖော်ပြနေသည်။

အရိပ်ဖော်ပြနေမှုကြောင့် ယင်းဖြစ်စဉ် ပြည်မြို့တွင် ဖြစ်ပျက်သွားသည့်အချိန်ကို ၀၉၂၀ ဖြစ်ကြောင်း Myanmar Witness က အတည်ပြုနိုင်သော်လည်း ရက်စွဲအတိအကျကိုမူ အတည်မပြုနိုင်ပါ။ ထို့အပြင် အရာရှိများမှ ဖြန့်ဝေနေသည့် ယင်းလက်ကမ်းစာစောင်များသည် ပုံ ၆ တွင်တွေ့ရသည့် စာစောင်များနှင့် ပုံစံ တူညီနေသည်ကို တွေ့ရသည်။



*ပုံ ၉ - ပြည်မြို့တွင် ရှေ့သို့လာနေသည့် ယာဉ်များနံဘေး၌ စစ်သားများအား ၎င်းတို့၏လက်ထဲတွင် စာရွက်များနှင့်အတူတွေ့ရစဉ်။ မူလ တင်ပြသူ၏ ပုဂ္ဂိုလ်ရေးရာလုံခြုံမှုအတွက် နောက်ခံပုံကို Myanmar Witness မှ ဝါးပေးထားသည်။*

၂၀၂၁ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် အခြားအဖြစ်အပျက်များအရ- အလားတူ စစ်တပ် ထောက်ခံအားပေးသည့် အာဘော်ရှိ လက်ကမ်းစာစောင်များကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် တွင် စစ်တပ်အဖွဲ့ဝင်များက လိုက်လံဝေငှနေကြောင်းသိရသော်လည်း လက်ကမ်းစာစောင်၏ ပုံပန်းသွင် ပြင်မှာမူ ယခင်စာစောင်များနှင့် မတူကွဲပြားမှုရှိသည် (ပုံ ၁၀)။





ပုံ ၁၀ - (အထက်ပါ) လက်ကမ်းစာစောင် ၂ ခုတို့ကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၀ တွင် စစ်တပ်မှ လိုက်လံဝေငှခဲ့ခြင်းဖြစ်သည်။

## ၂၀၂၁ ခုနှစ် ဇွန်လ

ဇွန်လတွင်လည်း စစ်တပ်သည် စစ်တပ်ထောက်ခံအားပေးသည့် ဝါဒဖြန့်လက်ကမ်းစာစောင်များ ဆက်လက်ဖြန့်ဝေနေခဲ့ဆဲဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ယင်းစာစောင်များသည် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများ သို့မဟုတ် စစ်တပ်ဆန့်ကျင်ရေး အုပ်စုများအပေါ် စွပ်စွဲချက်များနှင့်အတူ ပို၍စိတ်မချမ်းမြေ့ဖွယ်ရာရှိသည့် ရုပ်ပုံများဖြင့် ပူးတွဲပြီး ဖော်ပြလာဟန်ရှိသည် (ပုံ ၁၁)။ အွန်လိုင်းပေါ်တွင် ရေးသားဖော်ပြချက်များအရ ယင်းလက်ကမ်းစာစောင်များကို ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မူလရှီဒီတံတားအနီးတွင်ရှိသည့် မူလရှီဒီ စစ်ဆေးရေးဂိတ်အတွင် ၂၀၂၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့၌ ၀၈၀၀ နာရီအချိန်ခန့်တွင် လိုက်လံဝေငှခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ ယင်းစာစောင်တွင် CRPH၊ NUG၊ PDF နှင့် NLD တို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကို ထိခိုက်အားနည်းစေရန်အတွက် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် အစွန်းရောက်များဖြစ်ကြောင်း လှုံ့ဆော်သည့် အသုံးအနှုန်းများဖြင့် ရေးသား စွပ်စွဲချက်များပါဝင်သည်။ ၂၀၂၁ ခုနှစ် မတ်လတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အတွင်း ဝင်ရောက်စီးနင်းခဲ့ပြီး ယင်းနေရာတစ်ဝိုက် အဆိုပါ စစ်တပ်ထောက်ခံရေး ဝါဒဖြန့်လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း အဆိုပါရေးသားဖော်ပြချက်တွင် အသေးစိတ်ထပ်မံဖော်ပြထားသည်။




*ပုံ ၁၁ - NLD၊ NUG၊ PDF နှင့် NLD တို့ အား စွပ်စွဲချက်များနှင့်အတူ စိတ်မချမ်းမြေ့ဖွယ်ရာပုံများကို တွေ့ရစဉ်*

ယင်းသို့ လူထုထံဖြန့်ဝေခဲ့သည့် ဝါဒဖြန့် လက်ကမ်းစာစောင်နမူနာများအား စိတ်ဖြာသုံးသပ်ခြင်းမှ တစ်ဆင့် Myanmar Witness သည် အသွားအလာပုံစံ (pattern) တစ်ခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ စစ်တပ်ထောက်ခံအားပေးသည့် စာစောင်များကို တစ်ခါတစ်ရံတွင် စစ်တပ်အုပ်ချုပ်မှုအား ခုခံတော်လှန်မှု ပို၍ပြင်းထန်သည့် နယ်မြေဒေသများနှင့်၊ စစ်တပ်မှ အင်တာနက်ဖြတ်တောက်ထားသည့်နေရာများတွင် ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ အဆိုပါနှစ်အစောပိုင်းတွင် ရန်ကုန်စသည့်နေရာများ၌ မတ်လအတွင်း ဆန္ဒပြမှုများအား ပြင်းထန်စွာဖြိုခွဲခံရမှုများရှိခဲ့ပြီးနောက် ယင်းသို့ လက်ကမ်းစာစောင်ပစ်မှတ်ထားဖြန့်ဝေလာခဲ့ခြင်းဖြစ်သည်။ ယင်းကာလသည် နိုင်ငံတစ်ဝှမ်းတွင် အင်တာနက်များ ဖြတ်တောက်ထားသည့်အချိန်ဖြစ်သည်။

## ၂၀၂၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ

## ၂၀၂၁ ခုနှစ် နိုဝင်ဘာလ

၂၀၂၁ ခုနှစ် နိုဝင်ဘာလ အလယ်မှ နောက်ပိုင်းအထိတွင် မြန်မာစစ်တပ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေယာဉ်များအသုံးပြု၍ ဝါဒဖြန့်လက်ကမ်းစာစောင်များ ဖြန့်ကြဲခဲ့ကြောင်း လူမှုကွန်ယက်သတင်းမီဒီယာပေါ်တွင် ရေးသားဖော်ပြလာမှုများရှိသည်။ ၎င်းတွင် ကနီမြို့ အရှေ့ပိုင်းရှိကျေးရွာများ (ပုံ ၁၂) နှင့် ယင်းမာပင်ခရိုင်များ (ပုံ ၁၃) ပါဝင်သည်။



*ပုံ ၁၂ (ဝဲ) နှင့် ပုံ ၁၃ (အောက် ယာ) - နိုဝင်ဘာလတွင် ထွက်ပေါ်လာသည့်နှင့် ဒေသတွင်း သတင်းမီဒီယာများတွင် ပိုမိုဖော်ပြလာသည့် လက်ကမ်းစာစောင်နမူနာများ။*

ယင်း လက်ကမ်းစာစောင်များအား စိတ်ဖြာသုံးသပ်ကြည့်ရာတွင် - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် တရားမဝင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုများကို ထောက်ပံ့နေသည့်ပုံစံ ရေးသားထားကြောင်း တွေ့ရသည်။ Myanmar Witness မှ ဘာသာပြန်ခဲ့သည့် လက်ကမ်းစာစောင်များတွင် စာစောင်၏ထိပ်၌- *"နိုင်ငံ၏ အနာဂါတ်အပေါ် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်သည့် လူငယ်များအကြားမူးယစ်ဆေးဝါးသုံးစွဲမှုတိုးများလာစေရန် အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့နဲ့ NUG ရဲ့ ကြိုးကိုင်လုပ်ဆောင်မှုများ"* ဟုရေးသားထားသည့် သတင်းစကားပါဝင်သည်။ ထို လက်ကမ်းစာစောင်အတွင်းတွင်ပင်- *"အကြမ်းဖက်မှုဖြင့် ဖမ်းဆီးခံရသူများအနက် ၈၀% တို့သည် မူးယစ်ဆေးဝါး၏ လွှမ်းမိုးမှုခံထားရသူများဖြစ်ကြောင်း"* ဆက်ပြောထားသည် (ပုံ ၁၄ နှင့် ၁၅)။





*ပုံ ၁၄ (ဝဲ) နှင့် ပုံ ၁၅ (အောက်) - နိုဝင်ဘာလ ၁၈ ရက်နေ့၊ လက်ကမ်းစာစောင်များတွင် EAO နှင့် NUG အား မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်ဆက်နွယ်ကြောင်းဆိုထားသည်ကိုတွေ့ရစဉ်။*

## ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ

ဒီဇင်ဘာလ အစပိုင်းတွင် ဝါဒဖြန့်လက်ကမ်းစာစောင်များအား မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်လက်ရှိ မြို့နယ်တစ်ခုဖြစ်သည့် မင်းကင်းမြို့တွင် လေမှတစ်ဆင့် ကြဲခဲ့ကြောင်း ဧရာဝတီသတင်းဌာန ကဖော်ပြထားသည်။ ယင်း လက်ကမ်းစာစောင်များတွင် ကမ္ဘာ့အစ္စလာမ္မစ်အဖွဲ့ချုပ် (OIC) က ဘုန်းကြီးများအား သတ်ဖြတ်ရန်နှင့် ဗုဒ္ဓဘာသာကို စော်ကားရန် ငွေသားနှင့် လက်နက်များ ပံ့ပိုးနေကြောင်း ဆိုသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် Youtube ပေါ်၌ တင်ခဲ့သည့် ရုပ်သံဗွီဒီယိုတစ်ခုတွင်မူ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စစ်တပ် ရဟတ်ယာဉ်တစ်ခုအား မကွေးမြို့ ဂန့်ဂေါခရိုင်အတွင်း တွေ့ရှိရကြောင်းဖော်ပြထားပြီး - ယင်း နယ်မြေဒေသတစ်ဝိုက်အတွင်း အဆိုပါ လက်ကမ်းစာစောင်များဖြန့်ကြဲမှုအပြီး ဖြစ်ဟန်တူသည်။ ဒေသခံ အရင်းအမြစ်များအရ စစ်ကောင်စီတပ်ဖွဲ့များသည် ဒေသခံ ပြည်သူ့ကာကွယ်ရေး (PDF) တပ်ဖွဲ့ဝင်များနှင့် စစ်တပ်အကြား လက်နက်ကိုင်တိုက်ပွဲများဖြင့် တင်းမာမှုများ ဖြစ်ပွားနေသည်ဆိုသော "ယော ဒေသ" အတွင်း ရဟတ်ယာဉ်တစ်စီးဖြင့်ပျံသန်းခဲ့ကြောင်းဆိုသည်။ ထို့နောက် ယင်းရဟတ်ယာဉ်ဖြင့် အဆိုပါ လက်ကမ်းစာစောင်များကို မောက်လင်းရွာ၌ အချိန် ၁၄၀၀ နာရီခန့်တွင် ကျဲချခဲ့ကြောင်းဆိုသည်။ ယင်းလက်ကမ်းစာစောင်များတွင် မည်သည့်အကြောင်းအရာများပါဝင်ခဲ့ကြောင်းကိုမူ အဆိုပါ ဗွီဒီယိုတွင် ဖော်ပြထားခြင်းမရှိသော်လည်း အဆိုပါရက်နှင့် နောက်ရက်များ

အတွင်း လူမှုကွန်ယက်သတင်းစာမျက်နှာတွင် ရေးသားဖော်ပြလာချက်များအရ ယင်းလက်ကမ်းစာစောင်များသည် နိုဝင်ဘာလတွင် ကျဲချခဲ့သည့် လက်ကမ်းစာစောင်များနှင့် ပုံစံတူတူဖြစ်ကြောင်း သိရသည်။ ဥပမာ- ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဖေ့စ်ဘုတ်ပေ့ချ် စာမျက်နှာတစ်ခုက နိုဝင်ဘာလတွင် ဖော်ပြခဲ့သည့် စာစောင်နှင့် အလားသဏ္ဌာန်တူသည့် ဓါတ်ပုံများကို တင်ပြလာခဲ့သည်။ ယင်းလက်ကမ်းစာစောင်များကို မည်သည့်နေရာတွင် ဖြန့်ကျဲခဲ့ကြောင်းကိုမူ အဆိုပါဖေ့စ်ဘုတ်ပေ့ချ်က ဖော်ပြထားခြင်းမရှိသော်လည်း ပေ့ချ်၏နာမည်အား ဘာသာပြန်ဆိုရာတွင် ကနီမြို့နှင့်ဆက်စပ်နေပြီး၊ ယင်းပေ့ချ်သည် စစ်ပိုင်းတိုင်းဒေသကြီး၏ အလယ်ပိုင်းနှင့်အနီးတစ်ဝိုက်ဒေသများအတွက် သတင်းတင်ဆက်ပေးသည့်ပုံစံရှိသည်။ အလားတူပင် ယင်းနေ့အတွင်း [ချင်းတွင်းသတင်းဌာန] စသည့် လူမှုသတင်းမီဒီယာပေါ်ရေးသားဖော်ပြမှုများအရ လက်ကမ်းစာစောင်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြန့်ကျဲခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။ ယင်းလက်ကမ်းစာစောင်များသည် ပုံစံအရ - ဖေ့စ်ဘုတ်ပေ့ချ်မှတင်ခဲ့သည့်ပို့စ်တစ်ခုတွင်ဖော်ပြထားသည့် မြေပြင်တွင်တွေ့ရသည့် စာစောင်များနှင့် အသွင်တူပြီး- ယင်းလက်ကမ်းစာစောင်နှစ်ခုစလုံးတို့တွင် အစွန်းတစ်ဖက်၌ အပြဲရာပါဝင်ပြီး၊ အကွက်စိမ်းပေါ်တွင် ပထမစာပိုဒ်အား အနည်းငယ်ကောက်ကွေးသည့်ပုံစံဖြင့်၊ အောက်ခြေတွင် စိတ်မချမ်းမြေ့ဖွယ်ရာပုံဖြင့် တွေ့ရှိရသည် (ပုံ ၁၆)။ ထို့ကြောင့် ဖြစ်နိုင်သည်မှာ ချင်းတွင်းသတင်းဌာနမှဖော်ပြထားသည့် လက်ကမ်းစာစောင်များသည် ကနီမြို့နှင့်သက်ဆိုင်သည့် ဖေ့စ်ဘုတ်ပေ့ချ်တွင်ဖော်ပြထားသည့် လက်ကမ်းစာစောင်နှင့် အတူတူပင်ဖြစ်ပြီး၊ ယင်းလက်ကမ်းစာစောင်များကိုလည်း ကနီမြို့တွင် ဖြန့်ကျဲခဲ့ခြင်းဖြစ်သည်။



ပုံ ၁၆ - အပြဲရာဖြင့် လက်ကမ်းစာစောင်ကို သစ်ပင်ပေါ်တွင်တွေ့နေရပုံအား ဖွေ့စ်ဘုတ်ပေ့ချ်တစ်ခုမှ ဖော်ပြထားစဉ်။

ပုံ ၁၇ - လက်ကမ်းစာစောင်များ ဖြန့်ကျဲပြီးနောက် ပြန်ထွက်သွားသည်ဟုဆိုသည့် ရဟတ်ယာဉ်ပုံကို တွေ့ရစဉ်။ ပုံ ၁၈ - လက်ကမ်းစာစောင်နှစ်ခုကို လက်ဖြင့်ကိုင်ပြထားသူတစ်ဦးအား တွေ့ရစဉ်။



*ပုံ ၁၉ - ရဟတ်ယာဉ်ထံမှ ကျဲချလာသည့် လက်ကမ်းစာစောင်များဟုဆိုသော၊ လေထဲမှ ကျလာသည့် အဖြူရောင်အပိုင်းအစများကို ဓါတ်ပုံရိုက်ကူးထားစဉ်။*

လူမှုသတင်းမီဒီယာပေါ်တွင်နှင့် ဒေသခံ သတင်းမီဒီယာများမှ ဖော်ပြချက်များအရ ယင်း စာစောင်များကို ဒီပဲယင်းအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ် ၇ မြို့နယ်တို့တွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ အချိန် ၁၃၀၀ နာရီခန့်တွင် ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ အင်တာနက်ချိတ်ဆက်မှုမရရှိခဲ့သည့်အတွက် ယင်းလက်ကမ်းစာစောင်များတွင် ပါဝင်သည့်အကြောင်းအရာများကိုမူ ရယူနိုင်ခဲ့ခြင်းမရှိကြောင်း ယင်း ဒေသခံသတင်းမီဒီယာဌာနက ဆိုသည်။ ထို့အပြင် ၎င်းစာစောင်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF များအား အထင်မြင်လွဲမှားအောင်ဖော်ပြချက်များပါဝင်ပြီး၊ PDF များသည် ယင်းနယ်မြေဒေသများတွင် အလွန် တက်ကြွလှုပ်ရှားမှုရှိနေခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်မူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ တန့်ဆည်မှ ကျွန်းလှမြို့နယ်အထိ၊ လက်ကမ်းစာစောင် လေမှကျဲချနေမှုများဖြစ်ပေါ်ခဲ့ကြောင်း တွစ်တာအသုံးပြုသူများက ဆိုသည်။ နောက်တစ်ရက်အကြာ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်မူ မကွေးတိုင်း မြိုင်မြို့၏ တောင်ပိုင်းကျေးရွာများတွင်လည်း လေယာဉ်များအသုံးပြုပြီး လက်ကမ်းစာစောင်များကျဲချမှုရှိကြောင်း ထပ်လောင်း ဖော်ပြလာကြသည်။ လက်ကမ်းစာစောင်များ၏ အနေအထားအရ ယင်းအချက်ကိုမူ အတည်မပြုနိုင်ခဲ့ပါ၊ သို့သော်လည်း ပုံစံအားဖြင့် ယင်းလက်ကမ်းစာစောင်များသည် ရှေ့ကဖော်ပြခဲ့သည်များနှင့်

ပုံစံအလွန်တူသည်ဟုဆိုနိုင်သည်။ ထို့အပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်လည်း ခေတ်သစ် မီဒီယာ သတင်းဌာနက စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့ ယင်းမာပင်မြို့နယ်၊ မင်းကင်းမြို့နှင့် ကလေးမြို့ တို့တွင် ဖြန့်ကျဲခဲ့ကြောင်းဆိုသည့် လက်ကမ်းစာစောင်များ၏ ဓါတ်ပုံများကို တင်ပြလာခဲ့သည်။ လူအမျိုးမျိုးတို့မှ တင်ပြလာမှုများအရ ယင်းလက်ကမ်းစာစောင်များသည် တူညီသည့် အရင်းအမြစ်တစ်ခုမှ လာခဲ့ခြင်းဖြစ်နိုင်ကြောင်း ညွှန်ပြနေသည်။


## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ

မကွေးတိုင်းဒေသကြီး ကမ္မမြို့တွင် အဆိုပါ ဝါဒဖြန့်ချိသည့်စာစောင်များ အလားတူ လေမှဖြန့်ကျဲခဲ့ကြောင်း ထပ်လောင်းဖော်ပြမှုများ ၂၀၂၂ ဇန်နဝါရီ လ ၉ ရက်နေ့တွင် ပေါ်လာခဲ့သည် (ပုံ ၂၀)။ စစ်တပ်သည် ထင်ယောင်ထင်မှားဖြစ်စေသည့် ဖော်ပြချက်များဖြင့် လူထုအား လမ်းလွှဲရန်ကြိုးပမ်းနေခြင်းသာ ဖြစ်ကြောင်း ဒေသခံများက ပျက်ရယ်ပြုခဲ့ကြသည်၊ ဥပမာ- လေယာဉ်ဆီသည် ဈေးပေါပေါဖြင့်ရပါသလားဟု မေးမြန်းခြင်း။ ယင်း စာစောင်များသည် ၂၀၂၁ ခုနှစ်က လက်ကမ်းစာစောင်များနှင့် ထပ်တူကျသည့်၊ သို့မဟုတ် ဆင်တူရိုးမှားဖြစ်သည့် ပုံစံရှိသည်။ ၎င်းစာစောင်များတွင် ဖော်ပြထားသည့် အာဘော်မှာ တူညီမှုရှိပြီး၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့သည် မြန်မာနိုင်ငံတွင် ပြဿနာများဖန်တီးနေသည့် အကြမ်းဖက်သမားများဖြစ်ကြောင်းဆိုထားသည်။ ထို့အပြင် လူထုအနေဖြင့် စစ်ကောင်စီကို ဆက်လက်ခုခံနေပါက မြို့ပြများနှင့် ကျေးရွာများအား ဖျက်ဆီးပစ်မည်ဟုလည်း ခြိမ်းခြောက်ထားပြီး၊ ယင်းနယ်မြေဒေသများတွင် စစ်တပ်မှ ခြေကုပ်နေရာယူထားမှုများရှိနေခြင်းဖြစ်သည်။



*ပုံ ၂၀ - ဗုဒ္ဓဘာသာ ဘုန်းကြီးများ OIC အား ဆန္ဒထုတ်ဖော်နေသည့် တူညီသော ပုံများကို ကွဲလွဲသည့် ပုံစံကွက်အတွင်းဖော်ပြထားသည့် လက်ကမ်းစာစောင်ကို ကမ္မမြို့တွင် မှတ်တမ်းရယူခဲ့ပုံအား တွေ့ရစဉ်။*

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လက်ကမ်းစာစောင်များဖြင့် လက်ဖြင့်လူကိုယ်တိုင် လိုက်လံဝေငှနေကြောင်း ဖော်ပြလာသော်လည်း ဝေနေသူများမှာ ယခင်လက်ကမ်းစာစောင်ဝေသူများဝတ်ဆင်ထားခဲ့သည့် ယူနီဖောင်းများနှင့် ပုံစံမတူပဲ ကွဲလွဲသည့်သဏ္ဍာန်ရှိသည်။ ဟားခါး ဆေးရုံ တွင်မူ - စစ်တပ်မှအာဏာသိမ်းပြီး ခြောက်လအကြာ မင်းအောင်လှိုင်ကြေညာခဲ့သည့် လေသံအတိုင်းထင်ဟပ်ပြီး နောက် နှစ်နှစ်အကြာတွင် ရွေးကောက်ပွဲပြုလုပ်ပေးမည့်အကြောင်း ရေးသားထားသည့်စာများပါဝင်သည့် စာရွက်များကို စစ်တပ်က လက်ဖြင့် လူကိုယ်တိုင်လိုက်လံဝေငှခဲ့ကြောင်း [သတင်းများက](#)ဖော်ပြသည် (ပုံ ၂၁)။ ၎င်းစာစောင်များသည် ယခင်လက်ကမ်းစာစောင်များကဲ့သို့အလားတူပင် KIA နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့က နိုင်ငံသားများအား သတ်ဖြတ်နေကြောင်းနှင့်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တို့သည် မြန်မာပြည်တွင်းရှိ ပြဿနာများ၏ အရင်းခံဇစ်မြစ်ဖြစ်ကြောင်း ဆိုထားသည်။ ဖေ့စ်ဘုတ်ပေ့ချ်တစ်ခု၏ ဖော်ပြချက်အရ ယင်းလက်ကမ်းစာစောင်များသည် ဟချင်း ဘာသာစကားဖြင့်ရေးသားထားခြင်းဖြစ်ပြီး၊ ယင်းနယ်မြေဒေသအတွင်း အပြောများသည့် ဘာသာစကားမဟုတ်သည့်အတွက် ဟားခါးလူမျိုးများပင် လက်ကမ်းစာစောင်များကို နားလည်ရခက်ခဲခဲ့ကြောင်း ဆိုသည်။




*ပုံ ၂၁ - အလားတူသဏ္ဍာန်ရှိသော လက်ကမ်းစာစောင် ၃ ခုကို ဟချင်းဘာသာစကားဖြင့် တွေ့ရစဉ်။ CNF သည် နိုင်ငံသားများအား သတ်ဖြတ်မှုအတွက် တာဝန်ရှိကြောင်းဆိုထားပြီး စိတ်မချမ်းမြေ့ဖွယ်ရာရုပ်ပုံများပါဝင်သည်။*

## ဘာသာရေးနှင့် နိုင်ငံရေး သင်းကွဲမှုများ ဖန်တီးခြင်း

## ဘာသာစကားနှင့် ပါဝင်သည့်အကြောင်းအရာများ

ဤစုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်တစ်လျှောက် Myanmar Witness သည် ယင်းလက်ကမ်းစာစောင်များအတွင်းတွင်ပါဝင်သော ဘာသာစကားများနှင့် သတင်းစကားမက်ဆေ့ချ်များကို စိတ်ဖြာသုံးသပ်ခဲ့သည်။ ၎င်းအကြောင်းအရာများသည် များသောအားဖြင့် သတင်းမှား သို့မဟုတ် စိစစ်ထားမှုမရှိသည့် သတင်းအချက်အလက်အမျိုးအစားများအတွင်းသာ ကျရောက်ပြီး၊ မြန်မာနိုင်ငံရှိ နိုင်ငံရေးအုပ်စုများ၊ ခုခံကာကွယ်ရေးအုပ်စုများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများစသည့် အတိုက်အခံ အဖွဲ့အမျိုးမျိုးတို့ကို ပစ်မှတ်ထားထားခြင်းဖြစ်သည်။

နိုဝင်ဘာလတွင်ပေါ်ပေါက်ခဲ့သည့် လက်ကမ်းစာစောင်အချို့တို့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့သည် မူးယစ်ဆေးဝါးတရားမဝင်ကူးသန်းရောင်းဝယ်မှုတွင် ပါဝင်ပတ်သက်နေသည့်ပုံစံကို ဗဟိုပြုရေးသားဖော်ပြထားခြင်းဖြစ်သည်။ ယင်းကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ဆက်စပ်ကြောင်း ဖော်ပြခြင်းသည် ပထမဆုံးအကြိမ်မဟုတ်သော်လည်း NUG မှ ပါဝင်ပတ်သက်နေသည်ဟုဆိုလိုက်လျှင် စစ်အစိုးရအား ၎င်း၏ဆန့်ကျင်မှုကို တရားမဝင်အောင် ပြုလုပ်နိုင်ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် NPR ၏အစီရင်ခံဖော်ပြချက်အရ - ဘိန်းဖြူနှင့် ဟီးရိုးအင်း မူးယစ်ဆေးဝါးများကြောင့် လူသိများသည့် မြန်မာနိုင်ငံရှိ တရားမဝင် မူးယစ်ဆေးဝါးကူးသန်း ရောင်းဝယ်ခြင်းသည် လွန်ခဲ့သော ဆယ်စုနှစ်များနှင့်စာလျှင် ပို၍ ကြီးမား များပြားလာသည်ဟု မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံး ဒေသတွင်းဒါရိုက်တာဖြစ်သူ Jeremy Douglas က ယုံကြည်ထားကြောင်းဆိုသည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရအား မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ပတ်သက်နေသည်ဟု စွပ်စွဲခြင်းမှာ စစ်ကောင်စီအား ၎င်း၏ဆန့်ကျင်မှုကို တရားမဝင်အောင်ပြုလုပ်ရန်၊ နောက်လာမည့် ရွေးကောက်ပွဲတွင ယင်း ဒီမိုကရေစီထောက်ခံအားပေးသည့်ပါတီ (အကယ်၍ ၎င်းတို့က ရှေ့သို့ခြေလှမ်းဆက်ချီခဲ့လျှင်) ကို အကျုံးမဝင်အောင် ပြုလုပ်ရန်နှင့်၊ တိုင်းပြည်၏ စီးပွားရေးအမြတ်ထွက်နေသည့် မူးယစ်ဈေးကွက်အတွက် NUG မှတာဝန်ရှိကြောင်း ချောက်ချရန် စစ်ကောင်စီ၏ ကြိုးပမ်းမှုကို ကိုယ်စားပြုဖော်ပြနေသည်။

ယင်းလက်ကမ်းစာစောင်များအနက်တစ်ခု၏ ထိပ်ပိုင်းတွင်ပါဝင်သော သတင်းစကားတစ်ခုအား ဘာသာပြန်ဆိုရာတွင်- *"နိုင်ငံ၏ အနာဂါတ်အပေါ် အကြီး မားဆုံးခြိမ်းခြောက်မှုဖြစ်သည့် လူငယ်များအကြားမူးယစ်ဆေးဝါးသုံးစွဲမှုတိုးများလာစေရန် အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့နဲ့ NUG ရဲ့*

*ကြိုးကိုင်လုပ်ဆောင်မှုများ"* ဟုရေးသားထားသည်ကိုတွေ့ရသည်။ ယင်းစာစောင်တွင် ဆက်ပြီး *"အကြမ်းဖက်မှုနှင့် ဖမ်းဆီးခံရသူများ၏ ၈၀% တို့သည် မူးယစ်ဆေးဝါးသုံးစွဲထားသူများဖြစ်"* ဟုလည်းဆိုထားသည် (ပုံ ၂၂ နှင့် ၂၃)။ သို့သော်လည်း မြန်မာစစ်တပ်အနေဖြင့် ယင်းသို့ မူးယစ်ဆေးဝါးသုံးစွဲထားကြောင်းစွပ်စွဲမှုများအတွက် သက်သေလိုက်ပေးနိုင်မည့် ကိန်းဂဏန်းအချက်အလက်အထောက်အထားတစ်စုံတစ်ရာကိုမှ ထုတ်ပြန်ခဲ့ခြင်းမရှိပါ။ GNLM စသည့် အစိုးရနှင့်ဆက်စပ်သည့် နိုင်ငံပိုင် သတင်း မီဒီယာဌာနများတွင်လည်း ဆန္ဒပြသူများသည်မူးယစ်ဆေးဝါးမှုများနှင့် ပတ်သက်ကြောင်းပုံစံဖြင့် အလားတူအာဘော်များဖြင့် ရေးသားဖော်ပြထားသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် ယင်းလက်ကမ်းစာစောင်များသည် နိုင်ငံပိုင် အဖွဲ့အစည်းများမှ ဖန်တီး၊ ရေးသား၊ ဖြန့်ဝေခြင်းဖြစ်ကြောင်းအချက်ကို ထောက်ပြနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့ ယင်း တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများတွင် ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲချက်များသည် ၎င်းအဖွဲ့အစည်းများအနေဖြင့် လူငယ်များ၏ 'စိတ်'များကို 'အဆိတ်ခတ်' သဖြင့် အကြမ်းဖက်မှုများအတွက် တာဝန်ရှိကြောင်း ဆိုချင်ဟန်တူသည်။




*ပုံ ၂၂ နှင့် ၂၃ - မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် အမျိုးသားညီညွတ်ရေးအစိုးရတို ပါဝင်ပတ်သက်နေသည်ဟုဆိုသည့် လက်ကမ်းစာစောင်များအား နိုဝင်ဘာလ ၁၈ ရက်နေ့ ပို့စ်တစ်ခုတွင်တွေ့ရစဉ်။*

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ချင်းတွင်းသတင်းဌာနက လေမှတစ်ဆင့်ကျဲချခဲ့သည့် ယင်းလက်ကမ်းစာစောင်များတွင်ပါဝင်သည့်အကြောင်းအရာများ အသေးစိတ်ကို ဖော်ပြလာခဲ့သည်။ ယင်းလက်ကမ်းစာစောင်များတွင် CRPH၊ NUG နှင့် PDF တို့သည် 'အကြမ်းဖက်သမားများ' ဖြစ်ပြီး၊ ၎င်းတို့အား အကြမ်းဖက်ကြောင်း အပြစ်ဖို့ထားသည်။ စစ်ကောင်စီကိုဆန့်ကျင်သည့် PDF အဖွဲ့ဝင်၏ လုပ်ရပ်များကြောင့် နိုင်ငံအတွင်း ဝရုန်းသုန်းကားမတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုများဖြစ်ရကြောင်း ဆိုထား

သည်။ ယင်းစွပ်စွဲချက်များသည် များသောအားဖြင့်- ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူပုံများ၊ ဖမ်းဆီးခံလိုက်ရသူများ၊ စသည့် ကြမ်းတမ်းသည့်ရုပ်ပြပုံများနှင့်၊ 'ကချင်ပြည်နယ်မှ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့' စသည့် စာသားများနှင့် အတူတွဲ၍ ပါလာလေ့ရှိသည်။


ယင်းလက်ကမ်းစာစောင်များတွင် အဆိုပါ သတင်းစကားများနှင့်အတူ စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများကိုလည်း ထည့်သွင်းအသုံးပြုထားသည်။ ယင်းပုံများကို ဒီမိုကရေစီထောက်ခံအားပေးသည့် သို့မဟုတ် စစ်ကောင်စီအားဆန့်ကျင်သည့် အုပ်စုများအကြောင်း ဘက်လိုက်သည့် သတင်းအချက်အလက်များဖြင့် တွဲ၍ ဖော်ပြခြင်းသည်- ယင်းအုပ်စုများအား တရားမဝင်အောင်ပြုလုပ်ရန်၊ ၎င်းတို့အား ထောက်ခံအားပေးသူများကို သတိပေးရန် သို့မဟုတ် ၎င်းအဖွဲ့အစည်းများအပေါ် စက်ဆုပ်ရွံရှာမှု ဖြစ်ပွားစေရန် စသည်တို့အပါအဝင် အကြောင်းရင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ ဥပမာ- ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် [ဒီဗွီဘီ သတင်းဌာန](#)မှတစ်ဆင့် ဒေသခံများမှ သတင်းပေးပြောကြားချက်အရ လက်ကမ်းစာစောင်များသည် ကျေးရွာများနှင့် စာသင်ကျောင်းများအား ဗုံးကြဲရခြင်းသည် PDF နှင့် အခြား 'တောခို' လှုပ်ရှားမှုများကြောင့် ဖြစ်သည်ဟု အပြစ်ဖို့ထားကြောင်း သိရသည်။ ယင်းသို့ PDF များအား အပြစ်ပုံထားသည့် စာများနှင့် ကြမ်းတမ်းသည့် ဓါတ်ပုံများကို တွဲ၍ပြသထားသည်။ ယင်းသို့သော စာစောင်များကို အင်တာနက်ဖြတ်တောက်ခံထားရချိန်များတွင်လည်း ဖြန့်ဝေခဲ့ခြင်းရှိပြီး၊ ပါဝင်သည့် သတင်းအချက်အလက်များအား အများပြည်သူမှ စိစစ်နိုင်ခြင်းမရှိခဲ့ကာ ယင်းအကြမ်းဖက်မှုများကို စစ်ကောင်စီဆန့်ကျင်သည့်အုပ်စုများမှ အမှန်တကယ်ကျူးလွန်ခဲ့သည်ဟု အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေသည်။ ဒေသခံများ၏ ပြောကြားချက်အရ လက်တွေ့ဖြစ်ရပ်မှန်မှာ လက်ကမ်းစာစောင်နှင့် ပြောင်းပြန်ဖြစ်သည်ဟုဆိုသည်။

ထို့အပြင် ယင်းစာစောင်များတွင် စစ်ကောင်စီအားဆန့်ကျင်သည့်အုပ်စုများနှင့် ပတ်သက်နေသူများအား ခြိမ်းခြောက်ထားသည့် စာများလည်းပါဝင်ကြောင်း သိရသည်။ ၎င်းစာစောင်များတွင်- လူထုအား စစ်တပ်၏ ကျော်ကြားသော 'ဖြတ်လေးဖြတ်' ဖြင့် ခြိမ်းခြောက်ထားပြီး၊ ခုခံတော်လှန်မှုကို ဖိနှိပ်ရန်အတွက် တော်လှန်ရေးအုပ်စုများနှင့် ပတ်နေသည်ဟု စစ်တပ်မှယူဆသည့် "လူတိုင်းနှင့် ကျေးရွာတိုင်း" ကို ပစ်မှတ်ထားထားသည် ([Sydney Morning Herald](#), ၂၀၂၁)။ ယင်းခြိမ်းခြောက်မှုများသည် ကျေးရွာများအား သတိပေးလိုက်ခြင်းဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် အတိုက်အခံအုပ်စုများနှင့် ဆက်စပ်ပတ်သက်နေကြောင်း တွေ့ရှိရပါက ဖျက်ဆီးချေမှုန်းခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

### မူဆလင်ဆန့်ကျင်ရေး အာဘော်အား အသုံးပြုမှု

ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း မူဆလင်ဆန့်ကျင်ရေး အာဘော်များပါဝင်သည့် လက်ကမ်းစာစောင်များကို စစ်ကိုင်းတိုင်း မင်းကင်းမြို့တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့၌ လေမှ ဖြန့်ကျဲခဲ့ကြောင်း ဧရာဝတီသတင်းဌာနက ဆိုသည်။ ယင်းဝါဒဖြန့်စာစောင်များတွင် OIC သည် ဗုဒ္ဓဘာသာဘုန်းကြီးများအား သတ်ဖြတ်ရန် ငွေကြေးနှင့် လက်နက်များထောက်ပံ့နေကြောင်းနှင့် ဗုဒ္ဓဘာသာကိုစော်ကားလျက်ရှိကြောင်းစွပ်စွဲထားသည်။ မူဆလင်လူထုများအား ကာကွယ်ရေးနှင့် မူဆလင်များအပေါ် တိုက်ခိုက်မှုများအား ရှုတ်ချရေးအတွက် ဦးတည်လှုပ်ရှားနေသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့အစ္စလာမ္မစ်အဖွဲ့ချုပ် (OIC) က ရခိုင်ပြည်နယ်တွင် စစ်တပ်မှ ၂၀၁၇ ခုနှစ်နှင့် ယခုဤအစီရင်ခံစာရေးသားနေစဥ်ကာလအထိ ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်မှုများအား ရှုတ်ချထားသည်။ OIC အား တရားမဝင်အောင်ရှုတ်ချရန်စစ်တပ်မှကြိုးပမ်းသည့် ဤနောက်ခံအနေအထားကိုကြည့်ခြင်းအားဖြင့် ယင်းလက်ကမ်းစာစောင်များအား ထုတ်ဝေခြင်းနှင့် ဖြန့်ဝေခြင်းတွင် စစ်တပ်ကပါဝင်ပတ်သက်နေကြောင်းယူဆမှုများအား ကျိုးကြောင်းခိုင်လုံစေသည်။ ယင်းစာစောင်များ ဖြန့်ဝေရာတွင်ပါဝင်သူများသည်လည်း မြန်မာနိုင်ငံတွင်မူဆလင်လူထုများများပြားပြားတည်ရှိနေခြင်းမရှိလင့်ကစား ၎င်းမူဆလင်များက ဗုဒ္ဓဘာသာဘုန်းကြီးများအား အကြမ်းဖက်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းအားဖြင့်၊ OIC ဆန့်ကျင်ရေး ဝါဒဖြန့်ချိခြင်းမှတစ်ဆင့် ဘာသာရေးတင်းမာမှုများဖြစ်ပေါ်အောင် ကြိုးပမ်းနေဟန်တူသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ- အာဏာမသိမ်းမီတွင်လည်း ၎င်းနှင့်ဆင်တူသည့်စွပ်စွဲချက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း လမ်းများပေါ်တွင် ဖြန့်ကျဲခဲ့ခြင်းရှိကြောင်း ဧရာဝတီသတင်းဌာနက အစီရင်ခံတင်ပြထားသည်။ ယင်းစာစောင်များတွင် '[ယင်းအချိန်က NLD အစိုးရလက်ထက်ဖြစ်သည်] အစိုးရအားဆန့်ကျင်သည့်' အကြောင်းအရာများ၊ အထူးသဖြင့် "လူမျိုး၊ ဘာသာ၊ သာသနာကို မကာကွယ်နိုင်သည့်၊ ကာကွယ်ရန်ပျက်ကွက်သည့်' အစိုးရဟူ၍ ဝေဖန်ခြင်းအပါအဝင် မူဆလင်လူမျိုးများအပေါ် လူမျိုးရေးဗန်းစကားဖြင့် အမုန်းစကားများပါဝင်ကြောင်း ဖော်ပြထားသည်။ ယင်းလက်ကမ်းစာစောင်များကို ရဲများထံ တိုင်ကြားပေးပို့ခဲ့သော်လည်း နောက်ကွယ်ကတာဝန်ရှိသူများအား ဖော်ထုတ်အရေးယူနိုင်ခဲ့ခြင်းမရှိပါ။ ၂၀၂၂ ခုနှစ် ဇွန်လ တွင် စစ်တပ်အားပေးထောက်ခံသူများမှ လူမှုသတင်းစာမျက်နှာများတွင် ရေးသားထားသည့်ပို့စ်များသည် - တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် OIC သည် အကြမ်းဖက်အဖွဲ့များဖြစ်သည့်အကြောင်း ဗဟိုပြု၍ ရေးသားထားမှုများဖြစ်သည်ဟု Frontier က တင်ပြထားသည်။ ယင်းရေးသားမှုများတွင် မူဆလင်ပြည်သူလူထုများနှင့်စပ်လျဥ်း၍ ဘာသာရေးအစွန်းရောက်ကြောင်း ပုံစံခွက်သွင်းရေးသားဖော်ပြမှုများကိုအသုံးပြုပြီး - ဆန္ဒပြသူများအား သတ်ဖြတ်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း နယ်မြေရှင်းလင်းရေး လှုပ်ရှားမှုများ နှင့် အာဏာသိမ်းစဉ်ကတည်းက စစ်ကောင်စီမှကျူးလွန်သည့် အကြမ်းဖက်အုပ်ချုပ်မှုများစသည်တို့အတွက် ဆင်ခြေပေးထားသည်။ ယင်းစာစောင်တစ်ခုအတွင်းပါရှိသည့် စာသားကို Myanmar Witness မှဖတ်ရှုကြည့်ရာတွင်-

"မြန်မာနိုင်ငံရဲ့ ၁၀% ကျော်သော လူဦးရေဟာ မူဆလင်များဖြစ်တယ်။ ဗုဒ္ဓဘာသာတွေအချင်းချင်းသတ်နေရင် သူတို့ပျော်နေမှာ" ဟူ၍ဖြစ်သည်။ ယင်းသို့ မြန်မာ့လူဦးရေ၏ ၁၀% သည် မူဆလင်များဖြစ်သည် ဟူသည့် စာရင်းအင်းအချက်အလက်မှားအပါအဝင် သတင်းမှားများကို လူတိုင်းရယူကြည့်ရှုနိုင်သော သန်းခေါင်စာရင်းစစ်တမ်းများတွင် ရှာဖွေကြည့်ခြင်းအားဖြင့် မဟုတ်မှန်ကြောင်း သိရှိနိုင်သည်။ သို့သော်လည်း အင်တာနက်ဖြတ်တောက်ခံထားရသည့် နယ်မြေဒေသများအတွင်းနေထိုင်သူများမှာမူ ယင်း သတင်းမှာ အမှားဖြစ်ကြောင်း သိရှိရန် မဖြစ်နိုင်ခြင်း ရှိနိုင်သည်။ မြန်မာပြည်၏ ပဋိပက္ခကြောင့် မူဆလင်လူမျိုးများ 'ပျော်ရွှင်' နေလိမ့်မည်ဟူသောဖော်ပြချက်မှာလည်း ပြဿနာဖြစ်စေသည်။





ပုံ ၂၄ - စာစောင်တွင် မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်ဟူ၍ ဆန္ဒပြနေသည့် ဗုဒ္ဓဘာသာများ၏ ပုံများနှင့်ယှဉ်တွဲဖော်ပြပြီး OIC အားပစ်မှတ်ထားပြောဆိုထားသည်ကိုတွေ့ရစဉ်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင်မူ နောက်ထပ်ထွက်လာသည့် စာစောင်များသည် မြန်မာနိုင်ငံအတွင်း မူဆလင်လူနည်းစုများနှင့် OIC ကြောင့် တိုင်းပြည်ကျိုးမွပျက်စီးရကြောင်း အပြစ်တင်ထားသည်။ ၎င်းသည် ဘာသာရေးတင်းမာမှုများပိုဖြစ်ပေါ်စေပြီး၊ မူဆလင် လူနည်းစုများအပေါ် မယုံကြည်မှုများ တိုးပွားစေသည်။ ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာလူမျိုးများအပေါ် ကျူးလွန်မှုများအား စစ်ဆေးသည့် ကုလသမဂ္ဂ ၂၀၁၉ ခုနှစ် စုံစမ်းစစ်ဆေးရေးသမားဖြစ်သူ Chris Sidoti က- ဘာသာရေးတင်းမာမှုများဖန်တီးနေခြင်းသည် 'စစ်တပ်မှ မျိုးဆက်ပေါင်းများစွာဆက်တိုက်လုပ်ဆောင်လာခဲ့သည့်အရာ' ပင်ဖြစ်ကြောင်း ဆိုထားသည်။ ယင်း ဘာသာရေးအစွန်းရောက်အာဘော်များသည် မူဆလင်များနှင့် စစ်တပ်ဆန့်ကျင်သည့်အုပ်စုများအပေါ် မကျေနပ်မှုများဖြစ်ပေါ်အောင် အားပေးနေပြီး၊ ၂၀၁၇ ခုနှစ်တွင် မူဆလင်လူနည်းစုဖြစ်သည့် ရိုဟင်ဂျာ လူမျိုးများအပေါ် ပစ်မှတ်ထားခဲ့သည့် ရခိုင်ပြည်နယ် နယ်မြေရှင်းလင်းရေးလှုပ်ရှားမှုများက သက်သေပင်ဖြစ်သည်။ ဤ စုံစမ်းစစ်ဆေးမှုနှင့် ကုလသမဂ္ဂ၏ စစ်ဆေးမှုမှတစ်ဆင့်

ရှာဖွေတွေ့ရှိခဲ့သည့် အဖြစ်အပျက်ဖော်ပြမှုအကြောင်းအရာများနှင့် အပြုအမူများသည် - ယင်းလက်ကမ်းစာစောင်များကို စစ်တပ်က ဖြန့်ကျဲခဲ့သည်ဟူသည့်အဆိုကို ခိုင်မာစေရုံသာမကပဲ၊ ရခိုင်ပြည်နယ်အတွင်း နယ်မြေရှင်းလင်းရေးလုပ်ရှားမှုများတွင် ကျူးလွန်ခဲ့သည့် အပြုအမူများ တစ်ဖန်ပြန်လည်ဖြစ်ပေါ်လျက်ရှိကြောင်း စိုးရိမ်ဖွယ်ရာ ညွှန်ပြနေသည်။

## ဓါတ်ပုံများအား အသုံးပြုခြင်း

[သတိ- စိတ်မချမ်းမြေ့ဖွယ်ရာ ပုံပါဝင်သည်] စာစောင်အမြောက်အများတို့တွင် သတင်းကိုလွတ်လပ်စွာစိစစ်ထားပြီးဖြစ်ကြောင်းပုံစံဖြင့် 'သတင်းမှန်' တံဆိပ်ရိုက်နှိပ်ဖော်ပြထားသည်။ ယင်းစာစောင်များအတွင်းဖော်ပြထားသော 'သတင်းမှန်' တံဆိပ်ကို ပုံ ၂၅ တွင်တွေ့နိုင်သည်။ ယင်းဥပမာပုံတွင်- 'အကြမ်းဖက်မှုကို ယခင် NLD အမတ်ဟောင်းများမှ ဦးဆောင်နေ' ကြောင်း ယင်း 'အကြမ်းမှု' တွင်ပါဝင်ပတ်သက်နေသည့် သူများ၏အမည်နှင့် တည်နေရာများဖြင့် စွပ်စွဲထားမှုနှင့်အတူ သတင်းမှန်တံဆိပ်ကို ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းတွင် ယခင် NLD ကျန်းမာရေး ဝန်ကြီးဟောင်း ဦးမြင့်ထွေး နှင့် မင်းကင်း NLD တိုင်းဒေသကြီးလွှတ်တော်အမတ် အောင်ထွန်းလွင် တို့ပါဝင်သည်။ အာဏာသိမ်းပြီးကတည်းက ယင်း ပုဂ္ဂိုလ်နှစ်ဦးစလုံးတို့သည် PDF အဖွဲ့များအားဖွဲ့စည်းခြင်းနှင့် ဦးဆောင်ခြင်းတို့အတွက် GNLM သတင်းစာတွင် ထည့်သွင်းဝေဖန်ခံထားရသူများဖြစ်သည်။ NLD အမတ်ဟောင်း ဖြိုးဇေယျာသော်ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖမ်းဆီးလိုက်ပြီး၊ သေနတ်အလက် ၂၀ သိမ်းဆည်းရမိကြောင်းကိုလည်း အသားပေးဖော်ပြထားသည်။ Myanmar Now ၏ ဖော်ပြချက်အရ ဖြိုးဇေယျာသော်အား ဖမ်းဆီးရခြင်းမှာ ၎င်းသည် စစ်ကောင်စီအား အကြိမ်များစွာတိုက်ခိုက်မှုများကို ဦးဆောင်ကြံစည်ခဲ့ခြင်းဖြစ်သဖြင့် ဟုသိရသည်။ ပုံ ၂၅ ပါ စာစောင်တွင်လည်း ဖမ်းဆီးခံရသူနှင့် လက်နက်များ၏ ဓါတ်ပုံများအပြင် ဒီမိုကရေစီထောက်ခံအားပေးသည့် ဆန္ဒပြမှုအတွင်း အကြမ်းဖက်မှုများနှင့် သက်ဆိုင်သည့် ပုံများပါဝင်သည်။ သို့သော်လည်း ယခင် NLD အဖွဲ့ဝင်ဟောင်းများနှင့် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးရသည့် ၎င်းတို့၏ အကြောင်းရင်းကို အွန်လိုင်းပေါ်တွင် ဝေဖန်မှုများရှိခဲ့သည်။ 'သတင်းမှန်' တံဆိပ်ပါရှိပါသော ယင်းလက်ကမ်းစာစောင်များသည် ပါဝင်သောသတင်းအချက်အလက်များအား မည်သို့ စိစစ်ထားသည့် အပေါ်အကြောင်းတစ်စုံတစ်ရာမပေးပဲ စစ်တပ်၏လုပ်ကြံအသံကိုသာ ပွဲတင်ထပ်နေစေဟန်ရှိသည်။





ပုံ ၂၅ - အစိမ်းရောင်အကွက်အတွင်း စာသားအချို့တွင် 'ယခင် NLD အမတ်ဟောင်း မြင့်ထွေး (ရဲဦး) ထွန်းဝင်း (ကနီ)၊ အောင်ထွန်းလွင်(မင်းကင်း) နှင့် ဒေါက်တာနိုင်အောင် (ဝက်လက်) တို့ကအကြမ်းဖက်မှုကို ဦးဆောင်' ဟူ၍ ရေးသားထားသည်။ ၎င်းသတင်းကို စိစစ်ထားပြီးဟုဆိုသော်လည်း မည်သို့စိစစ်ထားကြောင်းကိုမူ ယင်းလက်ကမ်းစာစောင်များတွင် ရှင်းပြထားခြင်းမရှိပါ။

၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် နိုင်ငံပိုင်သတင်းဌာန GNLM က ဖြိုခွင်းဖမ်းဆီးမှုများအပြီး လှိုင်သာယာကို ပထမဆုံးအကြိမ်ပြန်လည်ဖော်ပြလာသည်။ အကြမ်းဖက်မှုကြောင့်မရေမတွက်နိုင်အောင် သေဆုံးသွားသူများ၏ ဦးရေအားမဖော်ပြထားပဲ ဆန္ဒပြသူများသည် စက်ရုံများအား မီးရှို့ဖျက်ဆီးလိုက်ကြောင်းကိုသာ အသားပေးဖော်ပြထာသည်။ ရှေ့ (စာမျက်နှာ ၉) တွင်ဖော်ပြထားသည့်အတိုင်း ၂၀၂၁ ခုနှစ် ဧပြီလ ၁၉ ရက်နေတွင် စစ်တပ်ထောက်ခံအားပေးသည့် လက်ကမ်းစာစောင်များကို နေပြည်တော်ဝင် ဖြန့်ဝေခဲ့သည်။ ယင်း စာစောင်များတွင် ဆန္ဒပြပွဲများ၊ ပစ္စည်းဥစ္စာများအား ဖျက်ဆီးခြင်းနှင့် မီးရှို့မှုများကို ရည်ညွှန်းဖော်ပြထားသည်။ ယင်းစာစောင်များအနက် တစ်ခုတွင် လှိုင်သာယာ သပိတ်အ

ကြောင်းပါဝင်ပြီး လှိုက်မြို့နယ်ရှိ လမ်းမတစ်ခုပေါ် မီးလောင်နေသည့်ပုံ [ပထဝီတည်နေရာမှာ ၁၆.၈၅၈၅၈၉၊ ၉၆.၁၀၆၈၈၅ ဖြစ်ကြောင်း Myanmar Witness မှဖော်ထုတ်ထား] တစ်ခုကို ထည့်သွင်းဖော်ပြထားသည်။ GNLM မှ သတင်းတင်လာသည့်အချိန်နှင့် လက်ကမ်းစာစောင်များအား ဖြန့်ဝေသည့်အချိန်ကိုကြည့်ခြင်းအားဖြင့်- သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူများအကြောင်းမပါဝင်ပဲ ဆန္ဒပြသပိတ်များအကြောင်းသာ အသားပေးပြီးဖော်ပြထားသည့် ယင်းလက်ကမ်းစာစောင်များကို စစ်တပ်အားပေးသူများက ရေးသားပြုလုပ်ပြီးလူထုထံ ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း ထောက်ပြနေသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး Myanmar Witness က လှိုင်သာယာရှိ ဆန္ဒပြသူများအား အကြမ်းဖက်မှု အကြောင်း ရေးသားထုတ်ဝေထားဖူးသည်။



ပုံ ၂၆ - လှိုင်သာယာ သပိတ်နှင့်ပတ်သက်သည့်ပုံများအပြင်၊ ဖျက်ဆီးထားပုံများပါဝင်သည့် လက်ကမ်းစာစောင်များကို နေပြည်တော်တွင် ဝေငှထားသည့်ပုံ။ ထင်ရှားသည့် စာသားတစ်ခုတွင် - ‘လှိုင်သာယာ စက်မှုဇုံ၊ ရွှေပြည်သာ စက်မှုဇုံ နှင့် အင်းစိန်မြို့နယ်ရှိ စက်ရုံ ၁၃ ရုံတို့ မီးရှို့ခံရ’ ဟုပါဝင်ပြီး အနီရောင်ခေါင်းစည်းပိုင်းအောက်တွင် NLD နှင့် CRPH တို့က နိုင်ငံခြားအကူညီယူ၍ မြန်မာနိုင်ငံကို ဘေးဒုက္ခဖြစ်နေစေဟု စွပ်စွဲထားသည်။



၂၇ - စစ်ကောင်စီဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒပြသူများ၏ လက်ချက်ဟုဆိုထား သည့် ဖျက်ဆီးခံထားရပုံများပါဝင်သည့် လက်ကမ်းစာစောင်များအား နေပြည်တော်တွင် ဝေငှခဲ့သည့် ပုံ။


၂၀၂၂ ခုနှစ် ဇွန်လတွင် စစ်တပ်ထောက်ခံသည့် ရေးသားဖော်ပြချက်များပါဝင်သည့် လက်ကမ်းစာစောင်များအား စစ်တပ်က ဆက်လက် ဖြန့်ဝေနေခဲ့ဆဲဖြစ်ကြောင်း ဆိုသည်။ သို့သော်လည်း ယင်းအချိန်တွင် စာစောင်များအတွင်း အသုံးပြုထားသည့်သတင်းစကားများ၏ ပြင်းထန်မှုများ အပြောင်းအလဲဖြစ်လာသည်ကိုတွေ့ရသည်။ စာစောင်များတွင်ထင်ယောင်ထင်မှား သတင်းမှားများအားဆက်လက်အသုံးပြုထားသော်လည်း ပို၍ကြမ်းတမ်းသော၊ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သော ဓါတ်ပုံများ ပါဝင်လာခဲ့သည်။ ထို့အပြင် စာစောင်များတွင် ယင်းဓါတ်ပုံများနှင့်အတူ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများနှင့် စစ်တပ်ဆန့်ကျင်သည့် အုပ်စုများအား လုပ်ကြံစွပ်စွဲထားသည်။ ဥပမာ- ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖြန့်ဝေခဲ့သော လက်ကမ်းစာစောင်များတွင် 'NLD လည်ပင်းဖြတ်' ဟူသော စကားလုံးများဖြင့် သေဆုံးသူ သို့မဟုတ် ဒဏ်ရာရထားသူများ၏ ပုံများဖြင့် (ပုံများကို ဝါးထားသည်) အသုံးပြုလာသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် ဧပြီလတွင် တွေ့ရသည့် ပုံများနှင့် မတူကွဲပြားသည်။ ယခင် ရှေ့လက်ကမ်းစာစောင်များတွင်မူ မီးများနှင့် ပျက်စီးဆုံးရှုံးမှုများသာပါဝင်ခဲ့ပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူများ၏ပုံများ မပါဝင်ခဲ့ပါ။



ပုံ ၂၈ - NLD၊ NUG၊ PDF နှင့် CRPH တို့အား စွပ်စွဲမှုများနှင့်အတူ ပါဝင်လာသော စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံများ။

ယင်းသို့လက်ကမ်းစာစောင်၏ သဘောသဘာဝပုံစံ အဘယ်ကြောင့်ပြောင်းလဲသွားသည်ကိုမူ Myanmar Witness မှ အတည်ပြုနိုင်ခြင်းမရှိပါ။ သို့သော်လည်း ယင်းသို့ ကြမ်းတမ်းသည့်ဓါတ်ပုံများသည်၂၀၂၁ ခုနှစ် နိုဝင်ဘာလ က လက်ကမ်းစာစောင်များ (ပုံ ၃၉) အပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဟားခါး၌တွေ့ရသော လက်ကမ်းစာစောင်များ စသည့် မတူသော လက်ကမ်းစာစောင်များတို့တွင် အသွင်သဏ္ဍာန်တူညီစွာဖြင့်ပါဝင်ခဲ့ကြောင်း ဆိုထားကြသည်များရှိသည်။ Myanmar Witness မှ ရှာဖွေဖော်ထုတ်ခဲ့သည့် ယင်း လက်ကမ်းစာစောင်အနက်တစ်ခုဆိုလျှင် ယင်း စိတ်မချမ်းမြေ့ဖွယ်ရာ ရုပ်ပုံနှင့် ဗျူဟာကျကျ ရေးသားဖန်တီးထားဟန်တူသည် (ပုံ ၂၉)။ ပထမ အကွက်ဝါတွင် PDF မည်မျှသတ်ဖြတ်ခံထားရပြီးဖြစ်ကြောင်းကို ယင်း PDF များဟုဆိုထားသည့်လူများ၏ စိတ်မချမ်းမြေ့ဖွယ်ရာပုံများဖြင့် ယှဉ်တွဲဖော်ပြထားသည်။ အလယ်အကွက်တွင် PDF များနှင့် ၎င်းတို့၏ ကျူးလွန်မှုများအကြောင်း သတင်းစကားများပါဝင်သည်။ ပထမ အကွက်တွင်မူ 'PDF အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို

ရင်ဆိုင်တိုက်ခိုက်ရန် စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်နက်ကိုင် အယောက် ၃,၀၀၀ ကျော်ဖြင့် တပ်ဖွဲ့ဖွဲ့စည်း’ ထားကြောင်း၊ စစ်သင်တန်းသင်ယူနေသည်ဟုထင်ရသည့် PDF ဆန့်ကျင်သူများ၏ပုံဖြင့် ဖော်ပြထားသည်။ ယင်းပုံများအနက်တစ်ခုကို စစ်တပ်ထောက်ခံအားပေးသည့်နှင့် ဖေ့စ်ဘုတ်အကောင့်တစ်ခုမှ ရယူထားရာတွင် ပို့စ်ပိုင်ရှင်သည် ပျူစောထီးဟုယူဆရကြောင်း Myanmar Witness မှ တွေ့ရှိရသည်။ ယင်းသို့သော စာစောင်ဒီဇိုင်းပုံစံနှင့် စိတ်မချမ်းမြေ့ဖွယ်ရာပုံများထည့်သွင်းထားမှုသည် စစ်တပ်ထောက်ခံအားပေးသည့်အုပ်စုများ၏ အင်အားနှင့် PDF ကဲ့သို့သောအတိုက်အခံအုပ်စုများအားရှုတ်ချကြောင်းတို့ကိုပြသလိုခြင်းနှင့်၊ စစ်တပ်ထောက်ခံအားပေးသူမဟုတ်သူများ သို့မဟုတ် ဒေသတွင်း စစ်တပ်ထောက်ခံအားပေးသူများအနေဖြင့် ပျူစောထီးများအဖြစ် အဖွဲ့ဝင်လာစေရန် အားပေးတိုက်တွန်းလိုခြင်းဖြစ်နိုင်သည်။


ပုံ ၂၉ - စာစောင်၏ အကွက်အဝါပေါ်တွင် NLD နှင့် PDF များအား ဆန့်ကျင်သည့်နှင့် တိုက်ခိုက်သည့် စာသားများအား စိတ်မချမ်းမြေ့ဖွယ်ရာပုံများနှင့် ယှဉ်တွဲဖော်ပြထားစဉ်။။

စိတ်မချမ်းမြေ့ဖွယ်ရာရုပ်ပုံများနှင့် မျက်နှာများကိုမူ Myanmar Witness မှ ဆင်ဆာဖြတ်တောက်ထားသည်။

ခြိမ်းခြောက်ခြင်း - သတိပေးသည့် လက်ကမ်းစာစောင်များကို ယင်းဝါဒဖြန့်စာစောင်များနှင့် တစ်ပြိုင်နက်တည်း ဖြန့်ဝေအသုံးပြုခြင်းဖြစ်ပြီး၊ အွန်လိုင်းနှင့် သတင်းမီဒီယာစာမျက်နှာများတွင် ဖော်ပြထားသည့် စာရွက်ပုံစံတစ်ခုကိုလည်း Myanmar Witness က ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းသတိပေးစာသည်- တိုက်ရိုက် သတိပေးထားသည်ပုံစံရှိပြီး၊ စာ၏ အချို့နေရာများတွင်- စစ်တပ်ဆန့်ကျင်သည့် လှုပ်ရှားမှု

များအတွင်း တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေပါဝင်ပတ်သက်လျှင်ပတ်သက်သည့် ကျေးလက်ကျေးရွာများအား တရားဥပဒေအရဖြစ်စေ၊ အတိအကျမပြောထားသည့်နည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ အရေးယူသွားမည်ဖြစ်ကြောင်း ဆိုထားသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ယင်းစာရွက်များအကြောင်း ပထမဆုံး သတင်းတက်လာသည့် ပို့စ်အချို့တို့တွင် ကျေးရွာများအား စစ်တပ်မှ ဝင်ရောက်စီးနင်းဖျက်ဆီးမည်ဟုပေါ်ပေါ်ထင်ထင်ခြိမ်းခြောက်ထားသည်ကို Myanmar Witness က လူမှုကွန်ယက်သတင်းစာမျက်နှာများပေါ်မှတစ်ဆင့် ရှာဖွေတွေ့ရှိရသည်။ ယင်းစာစောင်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်တွင်ရှိသော ရေမြက် ရွာတွင်တွေ့ရကြောင်းဆိုသည်။ သို့သော်လည်း ယင်းသတိပေးစာထွက်ပေါ်လာသော ပတ်ဝန်းကျင်တည်နေရာကိုမူ မစိစစ်နိုင်သဖြင့်၊ ယင်းစာသည် ရေဦးမြို့နယ်တွင် ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်းဟုတ်မဟုတ်ကို Myanmar Witness မှ အတည်မပြုနိုင်ပါ။ ယင်းဖြစ်စဥ်နှင့်စပ်လျဥ်းပြီး သတိပေးသည့်နောက်ထပ်လက်ကမ်းစာစောင်များကို Myanmar Witness မှ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။




ပုံ ၃၀ - နိုဝင်ဘာလတွင် ရေမြက်ရွာအတွင်းရှိ တိုင်များပေါ်တွင် သတိပေးစာများကပ်ထားသည်ကို ယင်းရွာ တိုက်ခိုက်မခံရမီ တစ်လအကြိုတွင် တွေ့ရစဥ်။

Myanmar Witness ၏ စုံစမ်းစစ်ဆေးသူမှ ဘာသာပြန်ဆိုကြည့်မှုအရ ယင်းသတိပေးစာတွင်- "PDF များအား ပုန်းအောင်းပေးထားသည့် နေအိမ်များကို တရားဝင် ချိတ်ပိတ်သိမ်းဆည်းမည်"၊ "PDF များအား ပုန်းအောင်းပေးထားကြောင့်တွေ့ရှိရသည့် ရွာများ ရွာလုံးကျွတ်ရွှေ့ပြောင်းခံရမည်"၊ "NLD ပါတီက အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည်၊ မြန်မာနိုင်ငံတွင် ၎င်းတို့ [NLD] အတွက် နေရာမရှိ"၊ "NLD ၏ ရုပ်သေးရုပ်များဖြစ်သည့် PDF အကြမ်းဖက်သမားများအား မြေလှန်ဖြစ်ရမည်" နှင့် "တောခိုလိုသည့် လူငယ်များ အရှုံးပေး အလင်းဝင်ပြီး ကာကွယ်ရေးတပ်ဖွဲ့များအတွင်းသို့ဝင်ရောက်သင့်သည်" စသဖြင့် ရေး

သားထားသည်။ နောက်တစ်လအကြာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်တပ်က အဆိုပါရွာအား တိုက်ခိုက်ခဲ့ကြောင်း Myanmar Witness က မှတ်တမ်းတင်နိုင်ခဲ့သည်။ ရွာအတွင်းမီးများလောင်နေသည်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မီးသတင်းအချက်အလက်နှင့် အရင်းအမြစ်စီမံခန့်ခွဲမှုစနစ် (FIRMS) မှတစ်ဆင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ကျေးရွာ [၂၂.၈၆၆၆၀၈၊ ၉၅.၂၀၈၈၁၄ ဝန်းကျင်] အတွင်း ပျက်စီးသွားသည့် အဆောက်အဦများ၏ ပုံများကိုလည်း Myanmar Witness က ပထဝီတည်နေရာစိစစ်သတ်မှတ်နိုင်ခဲ့ပြီး ယင်းဓါတ်ပုံများ၏ တည်နေရာနှင့် မီးလောင်ကြောင်းပို့စ်ရေးသားတင်ပြမှုများ၏ တည်နေရာမှာ FIRMS ဒေတာအချက်အလက်နှင့် ထပ်တူကျကြောင်းအတည်ပြုရသည်။





ပုံ ၃၁ - ရေမြက်ရွာအတွင်း မီးလောင်သွားသောနေအိမ်များနှင့် ပျက်စီးဆုံးရှုံးမှုများအား ပထဝီနေရာစိစစ်အတည်ပြုထားမှု။

၎င်းသည် အင်မတန်မှ စိုးရိမ်ဖွယ်ရာဖြစ်သည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်သည့် အချိန်ကာလအတော အတွင်း ခြိမ်းခြောက်ခြင်းပြုလုပ်မှုများ အကြိမ်အရေအတွက် ပိုတိုးလာပြီး၊ ၎င်းသည် နောက်ထပ်နေရာများစွာ အတိုက်ခိုက်ခံရနိုင်သည့်အန္တရာယ်ရှိကြောင်း ညွှန်ပြနေသည်။ သို့သော်လည်း ဤ အစီရင်ခံစာရေးသားသည့်အချိန်တွင် ယင်း ခြိမ်းခြောက်မှုများကို အခြားသော နေရာများတွင် လက်တွေ့လုပ်ဆောင်မှု မရှိသေးကြောင်း သတိပြုနိုင်သည်။ ယင်းခြိမ်းခြောက်မှုများကို အမှန်တကယ် လိုက်လံလုပ်ဆောင်သည် ဖြစ်စေ၊ မလုပ်ဆောင်သည်ဖြစ်စေ ၎င်းတို့သည် လူထုအပေါ် ခြိမ်းခြောက်သည့်နည်းလမ်းတစ်ခုအဖြစ်အသုံးပြုနေဟန်ရှိသည်။

### ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင် မြို့နယ်တွင် လက်ကမ်းစာစောင်များကို လမ်းဘေး တွင်လည်းကောင်း၊ လမ်းများပေါ်တွင် တိုက်ရိုက်သော်လည်းကောင်း ဖြန့်ဝေသွားသည်ဟု သတင်းများအရ သိရသည်။ အမည်မသိဒေသခံတစ်ဦး၏ ပြောကြားချက်အရ ယင်းလက်ကမ်းစာစောင်များကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ မနက် အချိန် ၀၈၀၀ နာရီခန့်တွင် စစ်တပ် မော်တော်ယာဉ်ပေါ်မှ ပစ်ချခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်း စာစောင်များတွင် ဘုတလင် PDF များအနေဖြင့် စစ်တပ်အကြမ်းဖက်မှုကို ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် ဘုတလင်မြို့နယ်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ တိမ်းရှောင်ကြရန် ဘုတလင် PDF များက တောင်းဆိုထားသည့်အချက်ပါဝင်သည်။ ယင်းစာစောင်များကို ဘုတလင်မြို့နယ် လူငယ်ပေါင်းစုအဖွဲ့ (ဒေသခံ PDF ၏ အဖွဲ့ခွဲ) မှ လက်မှတ်ရေးထိုးထားသည်ကိုတွေ့ရသည်။ ယင်းစာစောင်များသည် ထင်ယောင်ထင်မှားဖြစ်စေသည့်နှင့် အတည်မပြုထားသော သတင်းအချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များ၊ သို့မဟုတ် ဤအစီရင်ခံစာတွင်ဖော်ပြထားသည့်အခြား သတိပေးစာစောင်များနှင့် ပုံစံမတူညီပဲရှိသည်။ သို့သော်လည်း ဘုတလင် ဒေသခံ PDF အဖွဲ့ကမူ ယင်းစာစောင်များကို ၎င်းတို့ ရေးသားဖြန့်ဝေခြင်းမဟုတ်ကြောင်းနှင့် ပြည်သူများ အိုးအိမ်စွန့်ခွာရှင်းလင်းရလောက်အောင်အထိ စစ်ကောင်စီအဖွဲ့ဝင်များအား တုံ့ပြန်ချေပသွားရန် အစီအစဉ်မရှိကြောင်း ဖော်ပြထားသည်။ ဘုတလင်မြို့နယ်တွင် ဖြန့်ဝေခဲ့သော အခြားလက်ကမ်းစာစောင်တစ်ခုတွင်မူ PDF များပြောသည့် ၎င်းအချက်ကိုထည့်သွင်းဖော်ပြထားပြီး, ယခင်ကတိမ်းရှောင်ခိုင်းခဲ့သည့်သတိပေးစာများမှာ ၎င်းတို့လက်ချက်မဟုတ်ကြောင်း ငြင်းဆိုထားပြန်သည်။




ပုံ ၃၂ - (ဝဲ) ဘုတလင်ပြည်သူများ နေရပ်မှ တိမ်းရှောင်ကြရန် လူငယ်အင်အားစုအဖွဲ့လက်မှတ်ထိုးဖြင့် ဖော်ပြထားသည့် စာရွက်။
ပုံ ၃၃ - (ယာ) ယခင်စာများမှာ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များမှ ထုတ်ပြန်ထားခြင်းမဟုတ်ကြောင်း ပြန်လည်ပြောဆိုသည့် စာများ။

ဒေသခံ PDF များ၏ ပြောကြားချက်အရ ယင်းစာစောင်များအား ဖြန့်ဝေခြင်းသည် ဘုတလင်မြို့နေပြည်သူများအား PDF များအပေါ် အကြောက်တရားဖြစ်ပေါ်အောင် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဆိုသည်။ စစ်ကောင်စီအနေဖြင့် ဘုတလင်အားပိုမိုထိန်းချုပ်နိုင်အောင် ကြိုးပမ်းနေခြင်းသာဖြစ်ပြီး၊ ဒေသခံများအပေါ် ပိုမိုစစ်ဆေးနိုင်အောင် စမ်းသပ်နေခြင်းဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။ ယင်းစမ်းသပ်စစ်ဆေးမှုများမှာ အဘယ်ဖြစ်ကြောင်းကိုမူ ယင်းပို့စ်တွင်ဖော်ပြထားခြင်းမရှိသော်လည်း၊ PDF လှုပ်ရှားမှုနှင့် ပတ်သက်နေသူများ သို့မဟုတ် ပတ်သက်သည်ဟုသံသယရှိရသည့် ပြည်သူများအပေါ် ရဲ နှင့် စစ်တပ်က စစ်ဆေးခြင်းကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ၎င်းတွင် ဥပမာအားဖြင့်-လုံခြုံရေးအတွက် ဖုန်းများနှင့်ကားများအား စစ်ဆေးခြင်းစသည်တို့ပါဝင်သည်။ ယင်းသို့စစ်ဆေးသောကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လေ့ရှိပြီး၊ သေဆုံးသည်အထိလည်း ဖြစ်ပွားခဲ့ကြောင်း စစ်တပ်အစိုးရက ဖော်ပြထားမှုရှိသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ

လေကြောင်းမှတစ်ဆင့် ပစ်ခတ်တိုက်ခိုက်မည့်အကြောင်းရေးသားထားသည့် လက်ကမ်း စာစောင်များကို စစ်တပ်က ကသာမြို့နယ်၊ မြတောင်ကျေးရွာအနီး၊ မန္တလေး-ဗန်းမော် အဝေးပြေးလမ်း လမ်းဆုံတစ်နေရာ၌ ဖြန့်ဝေခဲ့ကြောင်း ဒေသခံများကပြောကြားခဲ့သည်ဟု ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် BBC Burma live က အစီရင်ခံတင်ပြထားသည်။ ယင်းစာစောင်များတွင် ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများအား ပစ်မှတ်ထား၍ လေကြောင်းမှတိုက်ခိုက်မည်ဖြစ်သဖြင့် လူအများအနေဖြင့် မနက်ပိုင်းတွင် ယင်းနေရာများသို့သွားလာမှုများမှရှောင်ရှားရန် သတိပေးထားသည်။ ယင်းနေရာတွင် အဆိုပါတိုက်ခိုက်မှုများမဖြစ်ပွားခဲ့သဖြင့် ၎င်းအချက်ကို အတည်ပြုရန် ခက်ခဲသည်။ သို့သော်လည်း ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် စစ်ကောင်စီအား ဒရုန်းများဖြင့်တိုက်ခိုက်ထားမှုများရှိသဖြင့် ယင်းစာစောင်များတွင် ဒေသခံ PDF များအနေဖြင့် လေကြောင်းမှတိုက်ခိုက်မှုကိုရှောင်ရှားရန်နှင့် ဗုံးခိုကျင်းများစဆောက်ထားရန်တို့ တိုက်တွန်းထားသည်။ ၎င်းအချက်ကိုကြည့်ခြင်းအားဖြင့် ယင်းသတိပေးစာကို PDF များမှ ဖန်တီးထားခြင်းမဟုတ်ကြောင်း သိနိုင်သည်။ ထို့အပြင် ယင်းစာစောင်ကို စစ်တပ် သို့မဟုတ် စစ်တပ်အမာခံအင်အားစုများမှ ဖြန့်ဝေခြင်းဖြစ်ပါက စစ်တပ်ဆန့်ကျင်သည့်လှုပ်ရှားမှုများအင်

အားကောင်းနေသည့် ထိုနေရာမှ PDF များအား ထွက်ခွာသွားစေလိုသည့်နှင့်၊ ယင်းနေရာတွင်နေထိုင်နေသူများအား အကြောက်တရားရိုက်သွင်းရန် ရည်ရွယ်ခြင်းဖြစ်နိုင်သည်။



ရပ်မိရပ်ဖများနှင့် မိဘပြည်သူများသိရှိလိုက်နာရန်

ခန့်မှန်း မပညာ KG -24960 အောင်သာယာကျေးရွာ အပါ မန္တလေး - ဗန်းမော်ကားလမ်း တစ်လျှောက်ရှိ ကျေးရွာများ မိမိတို့ ကျေးရွာရှိ ဘာသာရေးဆိုင်ရာ အဆောက်အဦးများကို "M" ဟုလည်းကောင်း ၊ ဆေးရုံဆေးခန်းများကို "H" ဟုလည်းကောင်း ၊ စာသင်ကျောင်းနှင့်လူမှုကူညီရေးအသင်းအဖွဲ့များ၏ အဆောက်အအုံများကို "S" ဟုလည်းကောင်း ခေါင်းမိုးများတွင် အမှတ်အသားပြုလုပ်ထားရန်နှင့် လက်ရှိအချိန်မှစ၍ ( ၄၈ ) နာရီအတွင်း အထက်ဖော်ပြပါ ခန့်မှန်းမပညာကျေးရွာ အပါအဝင် ၎င်းမြောက်ဘက်ကျေးရွာအားလုံးကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်သွားမည် ဖြစ်ကြောင်း အသိပေး အပ်ပါသည်။

ပုံ ၃၄ - ကသာမြို့အား လေကြောင်းမှတစ်ဆင့်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ထားသည့် ယင်းလက်ကမ်းစာစောင်များအား စစ်သားများမှ ဖြန့်ဝေနေသည်ကို BBC Burma မှ သတင်းတင်ဆက်ထားစဉ်။


အခြား သတင်းမီဒီယာအရင်းအမြစ်တစ်ခုအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့ ဂဟဲကျေးရွာတွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ လေကျောင်းမှတစ်ဆင့် တိုက်ခိုက်မှုများကြောင့် ဒေသခံ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမြောက်အများဒဏ်ရာရရှိခဲ့ကြောင်း ဆိုသည်။ နောက်တစ်နေ့တွင်စစ်တပ်သည် ထီးချိုင့်မြို့နယ်တွင် ဗုံးများကျဲမည်ဟု ခြိမ်းခြောက်သည့် လက်ကမ်းစာစောင်များကို စစ်တပ်က ဖြန့်ကျဲခဲ့ကြောင်း ဒေသခံများကဆိုသော်လည်း ယင်းအချက်ကို Myanmar Witness မှ လွတ်လပ်စွာ အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။ ဤအစီရင်ခံစာကိုရေးသားချိန်တွင် Myanmar Witness သည် ယင်းနယ်မြေဒေသအတွင်း လေကြောင်းမှတစ်ဆင့် တိုက်ခိုက်မှု တစ်စုံတစ်ရာကိုမျှ ရှာဖွေဖော်ထုတ်ထားနိုင်ခြင်းမရှိပဲ၊ အဆိုပါခြိမ်းခြောက်မှုများနှင့်စပ်လျဉ်းပြီး ထိခိုက်သေဆုံးမှုများကို အတည်မပြုနိုင်ခဲ့ပါ။



ပုံ ၃၅ - ထီးချိုင့်မြို့နယ်အတွင်း လက်ရေးဖြင့်ရေးထားသော သတိပေးစာများ။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အလားတူ လေကြောင်းမှတိုက်ခိုက်မည်ဟုခြိမ်းခြောက်စာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ ရွာသားများထံသို့ လက်ဖြင့်လိုက်လံဝေငှခဲ့ကြောင်း သတင်းရရှိသည် (ပုံ ၃၅)။ ယင်း (လက်ဖြင့်ရေးသားထားပုံရသည့်) နှင့် အထက်ပါအတိုင်း ပုံနှိပ်ထုတ်ထားသည့် (ပုံ ၃၄) ခြိမ်းခြောက်စာ နှစ်မျိုးစလုံးတို့သည် ယခုအစီရင်ခံစာရှေ့ပိုင်းတွင် မြင်တွေ့ခဲ့ရသည့် ဝါဒဖြန့်ချိစာများနှင့် မတူကွဲပြားသည်။ ၎င်းတို့သည် သတင်းအချက်အလက်သက်သက် စာစောင်များမဟုတ်ပဲ တစ်ခုခုကိုပစ်မှတ်ထားသည့် သတိပေးစာကဲ့သို့ ပုံစံရှိသည်။ ထို့အပြင် စာစောင်၏ အသေးစိတ်အနေအထား၊ အရောင်နှင့် အသုံးပြုထားသည့် ခေါင်းစဉ်ပုံစံတို့တွင်လည်း မတူကွဲပြားမှုများရှိသည်။ ယင်းကွဲပြားမှုများရှိသော်လည်း ဝါဒဖြန့်စာများတွင် ထည့်သွင်းထားသည့် ခပ်ပါးပါးခြိမ်းခြောက်မှုများနှင့် ဤသတိပေးစာများတွင် ထည့်သွင်းထားသည့် ပေါ်ပေါ်ထင်ထင်ခြိမ်းခြောက်မှုများမှာ တူညီသော အသွင်သဏ္ဍာန်ရှိသည်။ သို့သော်လည်း သတင်းများအရ ယင်းစာများကို စစ်တပ်က ရွာသားများအား ပေးခဲ့ကြောင်း အတည်လည်းမပြုနိုင်သကဲ့သို့၊ ငြင်းလည်းမငြင်းဆိုနိုင်ပဲရှိသည်။ စစ်တပ်အာဏာသိမ်းသည့် တစ်နှစ်ပြည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အသံတိတ်သပိတ်နောက်တစ်ကြိမ်ပြုလုပ်မည်ဟူသည့် အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးရှိ စစ်သားများ အရပ်ဝတ် အဝတ်အစားများဖြင့် လက်ကမ်းစာစောင်များကို ဆိုင်များအား ဖြန့်ဝေသွားပြီး၊ အသံတိတ်သပိတ်တွင်မပါဝင်ရန် တိုက်တွန်းသွားကြောင်း Myanmar Spring က တင်ပြထားသည်။ အလားတူ လက်ကမ်းစာစောင်များကို မွန်ပြည်နယ် မော်လမြိုင်မြို့အပါအဝင် အခြား

သော နေရာများတွင်လည်း ဖြန့်ဝေသွားကြောင်း သတင်းများအရသိရသည်။ ယင်းလက်ကမ်းစာစောင်များကို စစ်ကိုင်း-မန္တလေးလမ်းဆုံ၊ ရတနာပုံတက္ကသိုလ် ရတနာပုံဈေး တွင် ဖြန့်ဝေခဲ့သည်ဟုဆိုသော်လည်း ၎င်းကို အတည်ပြုနိုင်ခြင်းမရှိပါ။ အလားတူ စာများကိုနိုင်ငံတစ်ဝှမ်းအခြားသောနေရာများတွင်လည်း ဖြန့်ဝေခဲ့ကြောင်း သိရသည့်သတင်းများအရ ၎င်းမှာ သတင်းတုသတင်းမှားဖြစ်နိုင်ချေကို လျှော့ချပေးနေသည်။ Myanmar Witness မှ ရှာဖွေဖော်ထုတ်ထားသည့် သတိပေးစာများနှင့် လက်ကမ်းစာစောင်များတွင် ဥပဒေအရအရေးယူမည်ဟုခြိမ်းခြောက်မှုများလည်းပါဝင်ပြီး - ရာဇသတ်ကြီးပုဒ်မ ၅၂(က)၊ ၅၀၅(က)၊ ၁၂၄(က) နှင့်၊ (အစိုးရအနေဖြင့် ပုဂ္ဂိုလ်ရေးရာဒေတာအချက်အလက်များကို သိမ်းဆည်းခွင့်နှင့် အွန်လိုင်းပေါ်တွင် သတင်းအချက်အလက်အမျိုးမျိုးတို့အား မမျှဝေရန် တားမြစ်ခွင့် ကျယ်ကျယ်ပြန့်ပြန့်ပေးအပ်ရန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ပင်ဆင်လိုက်သည့်) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ စသည်တို့ဖြင့် အရေးယူမည့်အကြောင်း စစ်ကောင်စီက ခြိမ်းခြောက်ထားသည်။ ယင်းအသံတိတ်သပိတ်နေ့တွင် ဆိုင်များပိတ်ပါက သို့မဟုတ် CRPH မှကြေညာသည့် သပိတ်တစ်စုံတစ်ရာတွင် ပါဝင်ပါက ဆိုင်များကို အဆိုပါဥပဒေများဖြင့် အရေးယူနိုင်ခြင်းဖြစ်သည်။ ယင်းစာစောင်များတွင် ဤအစီရင်ခံစာအတွင်းဖော်ပြထားသည့် ထင်ယောင်ထင်မှားဖြစ်စေသော သတင်းမှားများကို ပြန်လည်ထည့်သွင်းထားပြီး၊ ပြည်သူများအနေဖြင့် အသံတိတ်သပိတ်တွင်မပါဝင်စေရန် CRPH နှင့် NUG တို့သည် တိုင်းပြည်မတည်ငြိမ်အောင် လုပ်ဆောင်နေသည်ဟု စွပ်စွဲထားသည်။



သတင်းထုတ်ပြန်ရေးအဖွဲ့ကြေညာချက်

၁။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ facebook account များမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး Silence Strike (အသံတိတ်သပိတ်)ပြုလုပ်ရန် လက်ခုပ်တီးခြင်း၊ သံပုံးတီးခြင်း၊ ကားဟွန်းတီးခြင်းများ စသည်ဖြင့် အသံထွက်သပိတ်ပြုလုပ်ရန် လှုံ့ဆော်မှုများ လူမှုကွန်ရက်များ၌ ပျံ့နှံ့နေသည်ကို တွေ့ရှိရပါသည်။ ယင်းသို့လှုံ့ဆော်မှုများအပေါ် ပြည်သူများအနေဖြင့် လိုက်ပါလုပ်ဆောင်မိပါက ဥပဒေအရ အရေးယူခံရနိုင်သဖြင့် အများပြည်သူသိရှိနိုင်စေရန် အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားပါသည်-

သတင်းထုတ်ပြန်ချက်

နေပြည်တော်၊ ဇန်နဝါရီ - ၂၅

ယခုအခါ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ယင်းတို့ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ Facebook Account များမှ နိုင်ငံတော်တည်ငြိမ်ရေးကို ပျက်ပြားစေရန် နှင့် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး Silence Strike (အသံတိတ်သပိတ်)ပြုလုပ်ရန်၊ လက်ခုပ်တီးခြင်း၊ သံပုံးတီးခြင်း၊ ကားဟွန်းတီးခြင်းများ စသည်ဖြင့် အသံထွက်သပိတ်ပြုလုပ်ရန် လှုံ့ဆော်မှုများ လူမှုကွန်ရက်များ၌ ပျံ့နှံ့နေသည်ကို တွေ့ရှိရပါသည်။ ယင်းသို့ လှုံ့ဆော်မှုများအပေါ် ပြည်သူများအနေဖြင့် လိုက်ပါလုပ်ဆောင်မိပါက ဥပဒေအရ အရေးယူခံရနိုင်သဖြင့် အများပြည်သူသိရှိနိုင်စေရန် အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားပါသည် -

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှု များ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က

ပုံ ၃၆ - ရန်ကုန်တွင် အသံတိတ်သပိတ်တွင်မပါဝင်ရန် လူအများကို ပြောကြားထားသည့် သတိပေးစာ များ။

ထို့နောက်တစ်ရက်အကြာတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မက်ဆေ့ချ်ဘုတ်အကြီးပေါ်တွင် အလားတူ စာ များရေးသားထားပြီး၊ အသံတိတ်သပိတ်တွင် ပြည်သူများမပါဝင်အောင် ခြိမ်းခြောက် သတိပေးထား ကြောင်းသိရသည်(ပုံ ၄၇)။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းမက်ဆေ့ချ်ဘုတ်များသည် အဆိုပါ လက်ကမ်းစာစောင်များဖြန့်ဝေနေသည်ဟု သတင်းထွက်ပြီး တစ်ရက်အကြာတွင် ရုတ်ချည်းပေါ်ပေါက် လာခဲ့ခြင်းဖြစ်သည်။ ၎င်းစာများတူညီနေသည့်အချက်အရ လုံခြုံရေးတပ်ဖွဲ့များသည် ယင်းဆိုင်းဘုတ် များမထောင်မီ လက်ကမ်းစာစောင်များကို ဝေငှသွားခြင်းဖြစ်ကြောင်း သိနိုင်သည်။ အရပ်ဝတ်ဝတ်ထား သည့် လုံခြုံရေးတပ်ဖွဲ့များက ယင်းလက်ကမ်းစာစောင်များကို ဖြန့်ဝေနေကြောင်းနှင့် တိုင်များတွင် ယင်း စာများကိုလိုက်ကပ်နေကြောင်း သတင်းများကဖော်ပြထားသည်။ ထို့အပြင် ကချင်ပြည်နယ်၊ မြစ်ကြီး နားမြို့တွင်လည်း ပြည်သူများအနေဖြင့် ၂၀၂၂ ဖေဖော်ဝါရီလ တစ်ရက်နေ့ အသံတိတ် သပိတ်တွင် ပါဝင် လျှင် ထောင်ဒဏ်ကျခံရမည်ဟု ခြိမ်းခြောက်စာများကိုတွေ့ရကြောင်း ဒေသခံများက ဖော်ပြထားသည်။ (ပုံ ၃၈)

မြန်မာစစ်တပ်သည် အာဏာသိမ်းပြီးစတင်အုပ်ချုပ်ကတည်းက အွန်လိုင်းပေါ်တွင်နှင့် လူပုဂ္ဂိုလ်များ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တားမြစ်ကန့်သတ်ရန် တိကျသည့် ရာဇသတ်ကြီးပုဒ်မအသစ်များကို ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည်။ ပုဒ်မ ၅၂(က) သည် လူပုဂ္ဂိုလ်တစ်ဦးဦးအား လက်သင့်ခံခြင်း၊ သို့မဟုတ် 'လူတစ်ဦးအား ခိုလှုံရာဖြစ်စေ၊ အစားအသောက်ဖြစ်စေ၊ ငွေကြေးကိုဖြစ်စေ၊ အထည်အဝတ်ကိုဖြစ်စေ၊ လက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ .... ဖမ်းဆီးခြင်းကို ထိုသူတိမ်းရှောင်နိုင်စိမ့်သောငှာ တစ်နည်းနည်းဖြင့် ကူညီခြင်း' ကို ပြစ်ဒဏ်ချမှတ်ထားသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်ပြင်ဆင်ပြဋ္ဌာန်းလိုက်သော ရာဇသတ်ကြီး ပုဒ်မ ၅၀၅ က သည်- အာဏာသိမ်းမှုနှင့် စစ်အစိုးရကို တရားမဝင်ကြောင်းသဘောထားမှတ်ချက်ပြုမှုများအပြင်၊ 'အကြောက်တရားဖြစ်ပွားစေမှု' [၅၀၅က(က)]၊ 'သတင်းမှားများဖြန့်ချိခြင်း' [၅၀၅ က(ခ)]၊ 'အစိုးရဝန်ထမ်းတစ်ဦးဦးအား တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ အမှုမထမ်းအောင်ပြုလုပ်ခြင်း' [၅၀၅ က(ဂ)] တို့ကို ပြစ်မှုချမှတ်ထားသည်။ ယင်းပုဒ်မအရ ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်ထားစေပြီး ကျူးလွန်မှုများအတွက် အာမခံမရပဲ ထောင်ဒဏ်ကျခံရနိုင်ကာ၊ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီက ပြစ်ဒဏ်မှာ ၂နှစ် သာဖြစ်ခဲ့သည်။ ၁၂၄(က) သည် 'နိုင်ငံတော်အစိုးရအပေါ် မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ မေတ္တာကပျက်အောင် လှုံ့ဆော်ခြင်း သို့မဟုတ် လှုံ့ဆော်ရန် အားထုတ်ခြင်း' ကို ပြစ်ဒဏ်ချမှတ်ထားသည်။



ပုံ ၃၇ - အသံတိတ်သပိတ်တွင်ပါဝင်ပါက ဥပဒေအရအရေးယူခြင်းခံရမည့်အကြောင်း ဒေသခံများအား ခြိမ်းခြောက်ထားသည့် ပုံ ၁၈ တွင်တွေ့ရသည့်အတိုင်း တူညီသည့် စာရေးသားမှုများပါဝင်သည့် ဆိုင်းဘုတ်ကိုတွေ့ရစဉ်။




ပုံ ၃၈ - အသံတိတ်သပိတ်တွင်ပါဝင်လျှင် ထောင်ဒဏ်ကျခံရမည်ဟု ဒေသခံများအား ခြိမ်းခြောက်ထားသည့် ဆိုင်းဘုတ်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ


၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် တယ်လီဂရမ်ပေါ်တွင် ဖော်ပြချက်များအရ ခြိမ်းခြောက်သည့် စကားလုံးအသုံးအနှုန်းများပါဝင်သည့်၊ PDF များ၏လက်ချက်ဟုထင်ယောင်ထင်မှားဖြစ်စေသည့် လက်ရေးဖြင့်ရေးထားသောစာများပို၍ပေါ်ပေါက်လာကြောင်း ဆိုသည်။ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ အလာကပ္ပ တွင် ဒေသခံများသည် ငွေညှစ်ရန်ခြိမ်းခြောက်သည့် လက်ရေးဖြင့်ရေးသားထားသောစာများ လက်ခံရရှိခဲ့ကြောင်းဆိုသည်။ ယင်းစာရွက်သည် ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့များရေးသားထားသည့်စာဟုဆိုသော်လည်း ဒေသခံများက ၎င်းတို့ရေးသားခြင်းမရှိဟု ငြင်းဆိုထားသည်။ ယင်းသို့စွပ်စွဲချက်များ

နှင့် ငြင်းဆိုမှုများကို အတည်ပြုထားနိုင်ခြင်းမရှိပါ။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အခြား တယ်လီဂရမ်ချန်နယ်တစ်ခုက- မကွေးတိုင်းဒေသကြီးရှိ ပခုက္ကူခရိုင်အတွင်း စစ်ကောင်စီနှင့် စစ်တပ် အ မာခံထောက်ခံသည့် ပျူစောထီးများက PDF အုပ်စုများအား ကူညီသူများကို တရားဥပဒေနှင့်အညီ အင် အားအသုံးပြု၍ အရေးယူသွားမည့်အကြောင်း ခြိမ်းခြောက်ခဲ့သည် ဟုဆိုသည်။ စစ်တပ်က ပခုက္ကူ-မြိုင် လမ်းပေါ်တွင် လက်ကမ်းစာစောင်များဖြန့်ကျဲသွားကြောင်းကိုလည်း ဒေသခံများကဆိုသည်။ ဤအစီရင် ခံစာရှေ့ပိုင်းတွင် သုံးသပ်ပြထားသည့်အတိုင်း ယင်းစာရယက်များသည် PDF များအား အကြမ်းဖက်သ မားများအဖြစ်ရည်ညွှန်းထားပြီး၊ ပခုက္ကူရှိ လုပ်ငန်း ၁၄ ခုတို့၏ အမည်နှင့် လိပ်စာများဖြင့်၊ ဒေသခံကာ ကွယ်ရေး တပ်ဖွဲ့များအား ကူညီထောက်ပံ့ခြင်းအတွက် ဥပဒေအရအရေးယူမည့်အကြောင်း ခြိမ်း ခြောက်ထားသည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် လူပုဂ္ဂိုလ်များ၏ ပုဂ္ဂိုလ်ရေးရာ လုံခြုံမှုအပေါ် ခြိမ်း ခြောက်နေကြောင်း ပြသနေသည်။ ထို့အပြင် တယ်လီဂရမ်ပို့စ်တစ်ခုကလည်း ယင်းလက်ကမ်းစာစောင် များမပေါ်လာမီ ရက်ပိုင်းအစောပိုင်းဖြစ်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ မနက်ခြင်းပိုင်းတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့က ပခုက္ကူရှိ စည်ပင်သာယာရုံးကို လာရောက်ပစ်ခတ်ခဲ့ပြီး ရဲအရာရှိတစ်ဦး နှင့် စစ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ဆိုထားသည်။ စစ်တပ်ကင်းစောင့်နေသည့် လမ်းဘေးနေရာတွင် ဗုံးခွဲတိုက်ခိုက်ခဲ့သောကြောင့် မော်တော်ယာဉ်တစ်ခုပျက်စီးသွားကြောင်းနှင့် အများအပြားဒဏ်ရာရ ကြောင်းကိုလည်း ဖော်ပြထားသည်။

**ဒီဇိုင်းပုံစံ**

လက်ကမ်းစာစောင်များသည် ဆင်တူမှုများစွာရှိသော်လည်း ဒီဇိုင်းပိုင်းအရ အချိန်ကာလအလိုက် ကွဲ ပြားခြားနားမှုများရှိခဲ့သည်။ ၎င်းကို ၂၀၂၁ ခုနှစ် ဧပြီလမှ ဇွန်လအထိ တွေ့ရှိခဲ့ရသည့် လက်ကမ်းစာစောင် များတွင် အထူးသိသာစွာတွေ့နိုင်သည်။ ယင်းလက်ကမ်းစာစောင်များသည် များသောအားဖြင့် အရောင် အသွေးစုံကာ၊ ပုံပန်းသွင်ပြင်၊ အသုံးပြုသည့် ဓါတ်ပုံအမျိုးအစားနှင့် ပါဝင်သည့်အကြောင်းအရာများ တွင် ကွဲပြားခြားနားမှုများရှိခဲ့သည်။





ပုံ ၃၉ (ဝဲ) – ၂၀၂၁ ခုနှစ် ဧပြီလ ၂၀ တွင် စစ်တပ်မှ လိုက်လံဝေငှခဲ့သည်ဟုဆိုသည့် လက်ကမ်းစာစောင်များ။

ပုံ ၄၀ (ယာ) – NLD နှင့် CRPH အား တိုင်းပြည်ကိုဖျက်ဆီးနေသူများဟုစွပ်စွဲထားသည့်၊ ၂၀၂၁ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ဝေငှခဲ့သည့် လက်ကမ်းစာစောင်များ

၂၀၂၁ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းတွင် လူမှုသတင်းမီဒီယာများနှင့် သတင်းများပေါ်တွင် တင်ပြလာသည့် လက်ကမ်းစာစောင်များသည် ယခင်ရှေ့ကလက်ကမ်းစာစောင်များနှင့် ပုံပန်းသဏ္ဌာန်အားဖြင့် တူညီပြီး၊ အသုံးပြုသည့်ဓါတ်ပုံများနှင့် ပါဝင်သည့်အကြောင်းအရာများ ဆင်တူမှုများရှိသည်။ သို့သော်လည်း အမြဲတမ်း ယင်းသို့ဆင်တူသည်တော့မဟုတ်ပါ။ အချို့ဖြစ်စဉ်အနည်းငယ်တို့တွင်၊ ဥပမာ- ချင်းပြည်နယ်၊ ဟားခါးတွင် ဖြန့်ဝေခဲ့သည့် လက်ကမ်းစာစောင်များသည် ယခင်အများစုဖော်ပြထားသည့် လက်ကမ်းစာစောင်များနှင့် ပုံပန်းသွင်ပြင်မတူညီပဲ ကွဲပြားသည်။ သို့သော်လည်း ပုံစံတူညီသည့် လက်ကမ်းစာစောင်အမြောက်အများတွေ့ရှိရကြောင်း သတင်းများအရ ၎င်းတို့သည် တူညီသော အရင်းအမြစ်တစ်ခုတည်းမှလာသည်ဟု ယူဆချက်အပေါ် ပို၍ခိုင်မာစေသည်။ ယင်းလက်ကမ်းစာစောင်များအတွက် တာဝန်ရှိသူများသည် - လေကြောင်းမှလည်း ဖြန့်ခဲ့သည်ဟူသည့်အချက်အမှန်တကယ်ဖြစ်ခဲ့ပါက- စာများရေးသားဖန်တီးရန်နှင့် အစုလိုက်အပြုံလိုက် ဖြန့်ဝေ၊ ဖြန့်ကျဲရန် အရင်းအမြစ်များ ရရှိထားသူများဖြစ်နိုင်သည်။ အဆိုပါဒေသများရှိ ဒေသခံ PDF အုပ်စုများ သို့မဟုတ် စစ်ကောင်စီ ဆန့်ကျင်သည့် အုပ်စုများသည် ယင်းသို့ လက်ကမ်းစာစောင်များအား ပမာဏများများ ပုံနှိပ်ရန် နှင့် အမျိုးမျိုးသော မြို့နယ်နှင့်ပြည်နယ်နှင့်တိုင်းများအထိပင် လိုက်လံဖြန့်ဝေရန် အရင်းအမြစ်အကန့်အသတ်ရှိသည်။



ပုံ ၄၁ - ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၂ ဇန်နဝါရီလ အတွင်း ရက်အမျိုးမျိုးတို့တွင် ရိုက်ယူထားသည့် ဓါတ်ပုံများအား နှိုင်းယှဉ်ချက်။

အာဏာသိမ်းမှုဆန့်ကျင်သည့် လက်ကမ်းစာစောင်များ

အာဏာသိမ်းမှုကိုဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများသည် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း ဒီမိုကရေစီ ထောက်ခံအားပေးသည့် သတင်းစကားများပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတွင်ပါဝင် ပတ်သက်ခဲ့ခြင်းရှိသည်။ ယင်း သတင်းစာစောင်များသည် တွစ်တာပေါ်တွင်ဖော်ပြချက်အရ - စစ်အစိုးရ ကို လူထုအနေဖြင့် ဆန့်ကျင်ရန်နှင့်၊ စစ်ကောင်စီထောက်ခံအားပေးသူများအား ရင်ဆိုင်တုံ့ပြန်ရန်၊ နှင့် ဤသုတေသနရှေ့ပိုင်းတွင် ဖော်ပြထားသည့် PDF ဆန့်ကျင်သည့် ဖော်ပြချက်များအကြောင်း အများ ပြည်သူကိုအသိပေးရန် ဖန်တီးရေးသားပြုလုပ်ထားခြင်းဖြစ်သည်။



ပုံ ၄၂ - စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် The Voice Spring သတင်းစာကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၀ တွင် ပြည်သူများဖတ်ရစဉ်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် တက်ကြွလှုပ်ရှားသူများက စစ်ကောင်စီကိုဆန့်ကျင်သည့် ၎င်းတို့၏ ကိုယ်ပိုင်လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်းကို လူမှုသတင်းမီဒီယာများတွင် ဖော်ပြလာကြသည်။ (ပုံ ၄၄) တွင် ရန်ကုန်၊ လှည်းတန်းလမ်းမ၊ ကိုဩဒိနိတ်အမှတ် ၁၆.၈၂၆၅၂၄၊ ၉၆.၁၃၈၂၀၄ အနီးတစ်ဝိုက်၊ တွင် စာရွက်များကို ကောက်ယူနေသည့် ရဲအရာရှိများကို တွေ့ရသည်။







ပုံ ၄၃ (ဝဲ) – စစ်ကောင်စီကိုဆန့်ကျင်သည့် သတင်းစကားများပါသည့် လက်ကမ်းစာစောင်များ။


ပုံ ၄၄ (ယာ) - ယင်း စစ်ကောင်စီဆန့်ကျင်သည့် စာများပါသည်ဆိုသည့်လက်ကမ်းစာစောင်များကို ရဲများက ကောက်ယူနေသည်ကိုတွေ့ရစဉ်။ MPA မှ ဓါတ်ပုံ။



ပုံ ၄၅ ရန်ကုန်၊ လှည်းတမ်းလမ်းမပေါ်တွင်တွေ့ရသော စစ်ကောင်စီဆန့်ကျင်သည့် လက်ကမ်းစာစောင်များ။

စစ်ကောင်စီဆန့်ကျင်သည့်စာများပါဝင်သည့် လက်ကမ်းစာစောင်များကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ လလည်ပိုင်းတွင်လည်း ဖြန့်ဝေခဲ့ကြသည်။ ဥပမာ- ဘကသ (ဗမာ ကွန်မြူနစ်ပါတီ ကျောင်းသားများ) က ရန်ကုန်ရှိ ကျောင်းသားများနှင့် ဆရာများထံသို့ မြန်မာနိုင်ငံပညာရေးစနစ်အပေါ်ဝေဖန်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ ယင်းစာစောင်များတွင် စစ်ကောင်စီလက်အောက်မှ သင်ကြားသည့် သင်ကြားမှုပုံစံ၊ ပညာရေးစနစ်အား 'လွတ်မြောက်ရန်' နှင့် ၎င်းအား 'ဒီမိုကရက်တစ် ပညာရေးစနစ်' ဖြင့်အစားထိုးရန် ဘကသ၏ ရည်ရွယ်ချက်အကြောင်းဖော်ပြထားသည်။ ဘတ်ဂျတ်နည်းနည်းဖြင့် ပြုလုပ်ထားသည့် ယင်းလက်ကမ်းစာစောင်များက- အစိုးရမဟုတ်သည့် လုပ်ဆောင်သူများရယူလက်လှမ်းမှီနိုင်သည့် အရင်းအမြစ်များတွင် လိုအပ်ချက်များရှိနေသည်ကို ပြသနေပြီး၊ ဤသုတေသနတွင်စိတ်ဖြာသုံးသပ်ပြထားသည့် စစ်တပ်ထောက်ခံအားပေးသည့် စာစောင်များမှာမူ စစ်တပ်က ထုတ်လုပ်နေခြင်းဖြစ်သည်ဟူသည့်အချက်ကို ပိုမိုခိုင်မာနေစေသည်။ သို့သော်လည်း ၎င်းသည် တွေ့ရှိချက်သက်သက်သာဖြစ်ပြီး လွတ်လပ်စွာအတည်ပြုထားနိုင်ခြင်းမရှိပါ။







၄၆ (ဝဲ) - ရန်ကုန်တွင် စစ်ကောင်စီပညာရေးစနစ်အား ဝေဖန်သည့် စစ်တပ်ဆန့်ကျင်ရေး လက်ကမ်းစာစောင်များကို ကျောင်းသားများ လိုက်လံဝေငှနေစဉ်။ ပုံ ၄၇ (ယာ) - ယင်းလက်ကမ်းစာစောင်၏ အနီးကပ်ပုံ။

မြန်မာနိုင်ငံရှိ ဒီမိုကရေစီထောက်ခံအားပေးသည့် သတင်းအချက်အလက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေရန်ကြိုးပမ်းမှုများအား စစ်တပ်က အင်အားသုံး၍ ဖိနှိပ်ခဲ့သည့် သတင်းများကိုလည်း တင်ပြရန် အရေးကြီးပါသည်။ သတင်းများအရ - သတင်းမီဒီယာတွင်ဖော်ပြထားသည့်ပုံအရ ၁၆.၈၄၁၉၀၉၊ ၉၆.၂၀၄၅၁၁ ဟု Myanmar Witness မှ တည်နေရာစိစစ်နိုင်ခဲ့သည့် - ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ဂုံးတံတားအကျော်တွင် လူငယ်တစ်စု စစ်ကောင်စီဆန့်ကျင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေသည့်အတွက် ရပ်တန့်၊ ဖမ်းဆီးခံခဲ့ရကြောင်းဆိုသည်။ ၎င်းသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅၀၀ နာရီအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ယင်းသတင်းကို ပို့စ်တင်ခဲ့သူကဖော်ပြထားသည်။ ယင်းရက်စွဲကို Myanmar Witness ဘက်မှ အတည်ပြုနိုင်ခြင်းမရှိသော်လည်း ၎င်းပို့စ်မျိုးကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မတိုင်မီ အွန်လိုင်းတွင် တင်ပြထားခြင်းမရှိကြောင်း တွေ့ရသည်။ SunCalc နေနာရီအချိန်တွက်နည်းမှတစ်ဆင့် ယင်းဓါတ်ပုံအတွင်း အရိပ်ကျပုံကို Myanmar Witness က စိတ်ဖြာသုံးသပ်နိုင်ခဲ့သည်။ တွေ့ရှိရသည်မှာ- ယင်းဓါတ်ပုံကို အဆိုပါနေ့တွင်ရိုက်ကူးခဲ့ခြင်းအမှန်ဖြစ်ပြီး၊ အရိပ်ကျပုံအရ ရိုက်ကူးခဲ့သည့်အချိန်မှာ ၁၅၀၀ နာရီ ဝန်းကျင်ခန့်ဖြစ်ကြောင်း ရှေ့နောက်ညီစွာ တိုက်စစ်တွေ့ရှိရသည် (ပုံ ၄၈)။



ပုံ ၄၈ - ဂုံးတံတားမှအဝေးသို့ စစ်သားတစ်ဦးအရပ်ဝတ်ဖြင့် လျှောက်သွားသည့်ပုံ။




ပုံ ၄၉ - အရိပ်ကျပုံအရ ယင်း ပုဂ္ဂိုလ်များ စစ်ကောင်စီဆန့်ကျင်စာများ ဖြန့်ဝေသဖြင့် စစ်တပ်မှ ခေါ်ယူ ဖမ်းဆီးသွားသည့် ဖြစ်စဉ်၏ အချိန်ကို အတည်ပြုနိုင်ခဲ့။

ယင်းလူငယ်များကို စစ်တပ်ရိုင်ဖယ်သေနတ်များဖြင့်လည်း ရိုက်နှက်ခဲ့ကြောင်း သတင်းများအရသိရသည်၊ ယင်းသေနတ်ပုံများကို အထက်ပါ ဓါတ်ပုံ (ပုံ ၄၈) တွင် တွေ့နိုင်သည်။ သို့သော်လည်း ယင်းသို့ ရိုက်ခံရသည့်အကြောင်းကို သတင်းမီဒီယာများတွင် နောက်ထပ်ဖော်ပြလာမှုများမရှိပဲ၊ အဆိုပါဓါတ်ပုံသည် အခင်းဖြစ်ပွားသည့်နေ့တွင် ရိုက်ကူးခဲ့ခြင်းဟုတ်/မဟုတ်နှင့် ၎င်းဖမ်းဆီးမှုတွင် စစ်ကောင်စီဆန့်ကျင်သည့် ဆန္ဒပြသပိတ်လက်ကမ်းစာစောင်များမျှဝေသူများအပေါ် လူမဆန်စွာဆက်ဆံမှုများပါဝင်ပတ်သက်နေခြင်းရှိ/မရှိတို့ကိုMyanmar Witness က အတည်မပြုနိုင်ခဲ့ပါ။

## လေယာဉ်/ရဟတ်ယာဉ်များအား အသုံးပြုခြင်း

ဤတွင်ဖော်ပြထားသည့် ဖြစ်စဉ်အချို့များကဲ့သို့ပင် ၂၀၂၁ ခုနှစ် မတိုင်မီ ဖော်ပြမှုများနှင့် နှိုင်းယှဉ်လျှင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှစ၍ ယင်းလက်ကမ်းစာစောင်များဖြန့်ဝေသည့် နည်းလမ်းတို့တွင် ပြောင်းလဲသွားမှုကို Myanmar Witness က တွေ့ရှိရသည်။ ယခင် သတင်းများတွင်မူ စစ်တပ်နှင့် ရဲအရာရှိများက ဝါဒဖြန့်စာစောင်များအား ပြည်သူထံသို့ လက်ဖြင့် လိုက်လံဝေငှခဲ့ကြောင်းဆိုသည်။ ၎င်းကြောင့် လက်ကမ်းစာစောင်များအား ရဲနှင့် စစ်သားများမှ လူကိုယ်တိုင်ဖြန့်ဝေနေသည့် ဓါတ်ပုံသက်သေအထောက်အထားများထွက်လာစေသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ကတည်းမှစ၍ စစ်တပ်သည် လက်ကမ်းစာစောင်များကို လေယာဉ်ရဟတ်ယာဉ်များအသုံးပြုပြီး ဖြန့်ကျဲမှုများပြုလုပ်လာခဲ့ကြောင်းပို၍ ဖော်ပြလာကြသည်။ ဥပမာ- ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ချင်းတွင်းသတင်းဌာနက- လေထဲတွင် ရဟတ်ယာဉ်တစ်စီးတွေ့ရသည့်ပုံကို လေထဲတွင် ဝေဝေဝါးဝါးမြင်ရသည့် အဖြူရောင်စာရွက် အပိုင်းအစများ ပြန့်ကျဲကျလာသည့်ပုံနှင့် ယှဉ်တွဲ၍ သတင်းဖော်ပြလာခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ နေရာအချို့တို့တွင် ယင်းလက်ကမ်းစာစောင်များကို ဖြန့်ကျဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်းဌာနကဆိုသည်။ သို့သော်လည် ကံမကောင်းစွာပင် ယင်းအချက်ကို အတည်မကပြုနိုင်ပဲ၊ ယင်းဓါတ်ပုံများကိုလည်း အဆိုပါအချိန်အတွင်း ရိုက်ကူးခဲ့ခြင်းဟုတ်မဟုတ်ကိုလည်း စိစစ်မသတ်မှတ်နိုင်ခဲ့ပါ။

လက်ကမ်းစာစောင်များအား လေထဲမှတစ်ဆင့် ဖြန့်ကျဲသည့်ပုံစံအဖြစ် မကြာသော လပိုင်းများအတွင်း ပြောင်းလဲသွားမှုသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်ရှိ ရောက်ရှိရန်ခက်ခဲသည့် နယ်မြေဒေသအချို့တို့အား ပစ်မှတ်ထားသည့် အချိန်နှင့် တိုက်ဆိုင်မှုရှိနေသည်။ ယင်နယ်မြေဒေသများသည် PDF များအားကောင်းသည့် နေရာဒေသများဖြစ်ပြီး၊ ယင်းသို့ လက်ကမ်းစာစောင်များအား ခြေလျင်သွား၍ ဖြန့်ဝေခြင်းသည် စစ်ကောင်စီအတွက် အန္တရာယ်ရှိစေမည်ဖြစ်သည်။ ထို့အပြင် အဆိုပါ စာစောင်များ

ဖြန့်ကျဲခဲ့သည်ဟူသည့် ရဟတ်ယာဉ်များနှင့် လေယာဉ်များကို ရှာဖွေဖော်ထုတ်၊ အတည်ပြုထားနိုင်ခြင်း မရှိပဲ၊ ယင်းနည်းလမ်းဖြင့် စာစောင်များဖြန့်ဝေခြင်းသည် ယင်းစာစောင်များ၏နောက်ကွယ်တွင် တာဝန်ရှိသူများအား မည်သူမည်ဝါမသိအောင် သိုဝှက်ထားပေးနိုင်သည်။ စာစောင်များဖြန့်ကျဲခဲ့သည့် အချိန်ကာလအပိုင်းအခြားအတွင်း ယင်းစာစောင်များအတွက် စစ်တပ်က တာဝန်ရှိကြောင်းကို Myanmar Witness က အတည်မပြုနိုင်သော်လည်း ယင်းနေရာဒေသများတွင် ရှိနေသည့် အခြားအုပ်စုများ (စစ်ကောင်စီ ထောက်ခံသူများ သို့မဟုတ် ဆန့်ကျင်သူများ) က ယင်းသို့ လေယာဉ်များအပါအဝင် လေကြောင်းကိုအသုံးပြုနိုင်သည့်အခွင့်အလမ်းရှိခဲ့ကြောင်း သက်သေအထောက်အထားတစ်စုံတစ်ရာမျှကိုလည်း Myanmar Witness ကမတွေ့ရပါ။ အခြားအွန်လိုင်းအသုံးပြုသူများရေးသားဖော်ပြချက်အရ လက်ကမ်းစာစောင်များကို ဖြန့်ဝေနေသည်မှာ လေယာဉ်များကြောင်းဆိုထားပြီး၊ Myanmar Witness က ယင်းဓါတ်ပုံနှင့်ပို့စ်များကို စိစစ်ခဲ့သည်။ ယင်းသို့ လေမှတစ်ဆင့်ဖြန့်ကျဲချသည့်နေရာများကို အပြည့်အစုံ တည်နေရာစိစစ်သတ်မှတ်ရန်ခက်ခဲသည်။ လေထဲမှ ရဟတ်ယာဉ်များကို မြေပြင်မှလူများကရိုက်ယူထားသည့်ပုံအား တည်နေရာစိစစ်သတ်မှတ်ရာတွင်- ယင်းဓါတ်ပုံများအတွင်း ပထဝီတည်နေရာဆိုင်ရာ သတင်းအချက်အလက် အနည်းငယ်မျှသာပါဝင်သည်ဖြစ်သဖြင့်- စိန်ခေါ်မှုများစွာရှိသည်။ ယင်းသို့ လေမှကျဲချကြောင်းဆိုရာတွင်အသုံးပြုဖော်ပြထားမှုအများဆုံး မီဒီယာပုံစံများမှ လေထဲရှိ ရဟတ်ယာဉ်ပုံများဖြစ်ပြီး၊ လက်ကမ်းစာစောင်များ၏ အနီးကပ်ပုံများသာဖြစ်သည်။ ယင်းဓါတ်ပုံများအရ လက်ကမ်းစာစောင်များတွင်ပါဝင်သည့် အကြောင်းအရာများအကြောင်း တိကျသေချာအောင်စိစစ်ရာတွင်နှင့်၊ ၎င်းစာစောင်များတွင် ထင်ယောင်ထင်မှားဖြစ်စေသောနှင့် ဝါဒဖြန့်ချိသော သတင်းအချက်အလက်များ ပါဝင်ကြောင်း အတည်ပြုရာတွင်မူ အသုံးဝင်နိုင်သည်။

ယင်းသို့လေမှ ဖြန့်ကျဲချမှုအကြောင်းကို တာချီလိတ်သတင်းဌာနာ စသည့် ဒေသခံ သတင်းမီဒီယာဌာနများမှ သတင်းဖော်ပြထားပြီး၊ ပစ်မှတ်ထားကျဲချခံရသည့် မြို့နယ်များရှိ ဒေသခံများထံမှ ပြောကြားချက်များကိုလည်း ထည့်သွင်းတင်ပြထားသည်။ ဒေသခံများ၏ပြောကြားချက်များတွင် စစ်တပ်ကအဘယ်ကြောင့် ယင်းသို့ဖြန့်ဝေသည့်နည်းလမ်းကိုအသုံးပြုရခြင်းဖြစ်ကြောင်း၊ ဘေးကင်းရေးနှင့် အမည်မသိလိုမှုတို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့၏အမြင်ကို ဖော်ပြထားသည်။

ယင်းလက်ကမ်းစာစောင်များတွင်ပါဝင်သည့်အကြောင်းအရာများအား စိတ်ဖြာသုံးသပ်ကြည့်ရာ ရေးသားထားသည့် စာပုံစံ(စတိုင်)တွင် ဆင်တူမှုများရှိသည်ကိုတွေ့ရသည်။ ဥပမာ- လက်ကမ်းစာစောင်များကို မတူညီသော တိုင်းနှင့် ပြည်နယ်များနှင့် ဖြန့်ကျဲခြင်းဖြစ်သော်လည်း အသုံးပြုထားသည့် စာလုံးဖောင့်များ၊ သက်ဆိုင်ရာ ဓါတ်ပုံရုပ်ပုံများသည် လက်ကမ်းစာစောင်တစ်ခုနှင့်တစ်ခု ဆင်တူမှုရှိသည် ကိုတွေ့ရ

သည်။ ၎င်းကိုကြည့်ခြင်းအားဖြင့် ယင်းလက်ကမ်းစာစောင်များကို တိုင်းနှင့်ပြည်နယ်ဒေသအမျိုးမျိုးတို့တွင် ဖြန့်ကျဲနေခြင်းဖြစ်ပြီး၊ ယင်းစာစောင်များကို တူညီသည့် အရင်းအမြစ်တစ်ခုမှစီစဉ်ပြုလုပ်ဖြန့်ဝေနေခြင်းဖြစ်ကြောင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုရောက်ရှိစေရန် လေယာဉ်များကိုအသုံးပြုခြင်းဖြစ်ကြောင်း အချက်ကို ခိုင်မာစွာထောက်ပြနေသည်။

သုတေသနပြုလုပ်သူများ၏ဖော်ပြချက်အရ ဝါဒဖြန့်ချိစာများအား လေထုမှတစ်ဆင့် ဖြန့်ကျဲခြင်းသည် စိတ်ဓါတ်စစ်ဆင်ရေး (psychological warfare) ပုံစံတစ်မျိုးဖြစ်နိုင်သည်ဟုဆိုသည်။ ယင်းစိတ်ဓါတ်စစ်ဆင်ရေးသည် အသစ်အဆန်းမဟုတ်ပဲ၊ သမိုင်းကြောင်းတစ်လျှောက်တွေ့ခဲ့ရသောအရာဖြစ်သည်။ ရှေ့ဥပမာများအရ ယင်းလက်ကမ်းစာစောင်များကို လေထုမှတစ်ဆင့်ဖြန့်ကျဲပြီး၊ ပစ်မှတ်ထားသည့် အုပ်စုများထံမှ တုံ့ပြန်မှုတစ်ခုခုရှိစေရန်ရည်ရွယ်ချက်ဖြင့် ယင်းအုပ်စုများနေရာယူထားသည့် အန္တရာယ်ရှိနယ်မြေပေါ်သို့ ဖြန့်ကျဲလေ့ရှိသည်။ ယင်းသို့ ဆက်သွယ်သည့်နည်းလမ်းကို ဒုတိယကမ္ဘာစစ်တွင်လည်း အသုံးပြုခဲ့သည်။

## နိဂုံး

အများပြည်သူရယူနိုင်သော အရင်းအမြစ်များတစ်ဆင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအရ စစ်ကောင်စီအားဆန့်ကျင်သည့်အုပ်စုများအကြောင်း တရားမဝင်အောင်ရှုတ်ချသည့်သတင်းစကားများပါဝင်သည့် လက်ကမ်းစာစောင်များ မြန်မာနိုင်ငံအတွင်း ဖြန့်ဝေမှုများရှိခဲ့ကြောင်း လူမှုသတင်းမီဒီယာနှင့် သတင်းများတွင် ဖော်ပြချက်အမြောက်အများကို Myanmar Witness က ရှာဖွေတွေ့ရှိခဲ့ရသည်။ လူမှုသတင်းမီဒီယာများပေါ်တွင် ယှဉ်တွဲဖော်ပြလာသည့် ဓါတ်ပုံများတွင်ပါဝင်သည့် တည်နေရာများကို Myanmar Witness မှ ပထဝီနေရာဒေသစိစစ်သတ်မှတ်မှုများပြုလုပ်နိုင်ခဲ့သည်။ ယင်းသို့ပြုလုပ်ခြင်းအားဖြင့် စစ်ကောင်စီထောက်ခံအားပေးသူများနှင့် လုံခြုံရေးတပ်ဖွဲ့များက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်ဟု လူမှုသတင်းမီဒီယာအသုံးပြုသူများကဆိုသည့် တည်နေရာများကို Myanmar Witness မှာ ဖော်ထုတ်နိုင်ခဲ့သည်။ ဤသုတေသနတစ်လျှောက်စုဆောင်းရရှိခဲ့သည့် သတင်းအမြောက်အများတို့ရှိနေသော်လည်း ၎င်းလက်ကမ်းစာစောင်များကို စစ်တပ်ကအမှန်တကယ်ဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်းကိုမူ Myanmar Witness မှ အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။

ယင်းလက်ကမ်းစာစောင်များအားဖြန့်ဝေသည့်ပုံစံအမျိုးမျိုးတွေ့ရသည်။ ဥပမာ- ၂၀၂၁ ခုနှစ်အစောပိုင်းတွင် လက်ကမ်းစာစောင်များကို စစ်တပ်အာဏာသိမ်းမှုအား အလိုမရှိကြောင်းပြသမှုများသည့် ရန်ကုန်၊ ပဲခူးနှင့် နောက်ထပ်သတင်းများအရ ကချင်ပြည်နယ် စသည့် မြို့ပြဒေသများတွင် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိတွင် ယင်းလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခုခံတော်လှန်မှုအားကောင်းသည့် မြောက်ပိုင်းနယ်မြေဒေသများဖြစ်သည့် ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ပို၍ အားထည့်လုပ်ဆောင်လာခဲ့သည်။

ဤစုံစမ်းစစ်ဆေးမှုမှတစ်ဆင့် အဓိပ္ပာယ်ပိုပေါ်စေရန်နှင့် လက်ကမ်းစာစောင်များအား ရေးသားဖန်တီးရာတွင်ပါဝင်ပတ်သက်နေသူများတွင်ရှိနိုင်သည့် ရည်ရွယ်ချက်များကို ဆန်းစစ်ရန်အတွက်-ယင်းလက်ကမ်းစာစောင်များတွင်အသုံးပြုသည့် ဘာသာစကား၊ ဒီဇိုင်းပုံစံ နှင့် ဓါတ်ပုံများကိုလည်း Myanmar Witness မှ စိတ်ဖြာသုံးသပ်နိုင်ခဲ့သည်။ သုံးသပ်ချက်အရ - မှန်ကန်မှုမရှိသော သတင်းအချက်အလက်များအား အသုံးပြုခြင်း၊ စိတ်မချမ်းမြေ့ဖွယ်ရာရုပ်ပုံများထည့်သွင်းအသုံးပြုလာသည့်ဘက်သို့ပြောင်းလဲသွားခြင်းနှင့် 'သတင်းမှန်' တံဆိပ်ပုံနှိပ်ဖော်ပြထားမှုများသည် ယင်းလက်ကမ်းစာစောင်များ၏ တရားဝင်မှုကို မြှင့်တင်လိုခြင်းဖြစ်နိုင်သည်။

လူမှုသတင်းမီဒီယာနှင့် သတင်းများပေါ်တွင် ဖော်ပြနေသည့် စွပ်စွဲချက်များနှင့်စပ်လျဉ်းပြီး အတည်ပြုနိုင်သည့် သက်သေအထောက်အထားကို Myanmar Witness ဘက်မှ မပေးနိုင်သော်လည်း ဤစုံစမ်းစစ်ဆေးမှုမှတစ်ဆင့်- လက်ကမ်းစာစောင်များ၏ အသွားအလာပုံစံ (trend) အချို့ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ ယင်းပုံစံများအရ စစ်ကောင်စီထောက်ခံအားပေးသည့်အင်အားစုများသည် အများပြည်သူသဘောထားပြောင်းလဲသွားအောင် တစ်စိုက်မတ်မတ် ဆက်လက် ကြိုးပမ်းနေခြင်း ဖြစ်နိုင်သည်။ သတင်းအချက်အလက်မှန်ကန်မှုရှိ/မရှိမစစ်ဆေးနိုင်အောင် အင်တာနက်ဖြတ်တောက်ခြင်း၊ အတိုက်အခံလှုပ်ရှားမှုများနှင့် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းပြီး မှားယွင်းသည့် သို့မဟုတ် အတည်မပြုနိုင်သည့်သတင်းအချက်အလက်များအား ပေါင်းစပ်အသုံးပြုခြင်းတို့က ၎င်းအချက်ကို ထောက်ပြနေသည်။

အတိုကောက်စကားလုံးများ

- ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ - GNLM
- နိုင်ငံတော် လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကောင်စီ - SAC
- ချင်းအမျိုးသားတပ်မတော် - CNA
- ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ - PDF

- အမျိုးသားညီညွတ်ရေးအစိုးရ - NUG
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD
- မီးသတင်းအချက်အလက်နှင့်အရင်းအမြစ်စီမံခန့်ခွဲမှုစနစ် - FIRMS
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ - EAOs
- ကမ္ဘာ့အစ္စလာမ္မစ်အဖွဲ့ချုပ် - OIC
- ကချင်လွတ်မြောက်ရေး တပ်မတော် - KIA
- ချင်းအမျိုးသား တပ်ဦး - CNF
- မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံး - UNODC
- ရခိုင့်တပ်တော် - AA
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ - CRP